မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၈)၊ အမှတ်(၂၆)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ၂၅–၁၂–၂၀၂၄၊ ဗုဒ္ဓဟူးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

**နိုင်ငံ၏ပြည်တွင်းရန်ကို နှိမ်နင်းခြင်း၊ ပြည်ပရန်ကို ကာကွယ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းစနစ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် သာလွန်မင်းတရားကြီးကို ဂုဏ်ပြုသောအားဖြင့် စစ်ရေယာဉ်ကြီး "သာလွန်မင်း"ဟု အမည်ပေးအပ်**



နေပြည်တော် ဒီဇင်ဘာ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်းမင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်သင်္ဘောကျင်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ အခမ်းအနားအစီအစဉ်အရ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး တည်ဆောက်ခဲ့မှုနှင့် ရေယာဉ်ဆိုင်ရာအချက်အလက်များကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ သို့

**ဂါရဝပြုပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက စစ်ရေယာဉ်ပုံစံငယ်နှင့် စစ်ရေယာဉ်ကြီး ရေချရာတွင် အသုံးပြုခဲ့သည့် ရွှေပုဆိန်တို့အား ဂါရဝပြုပေးအပ်စဉ်။




၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး "သာလွန်မင်း" ကို တွေ့ရစဉ်။



တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ် မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အင်းလေးရှုခင်း ဓာတ်ပုံ - မျိုးမင်းထိုက် (ပြန်/ဆက်)

☆ ရှေ့ဖုံးမှ

ထို့နောက် ၁၃၅ မီတာ ဖရီဂိတ် စစ်ရေယာဉ်ကြီးအား အမည်ပေးခြင်း မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေယာဉ်အမည်ပေးခြင်းမင်္ဂလာကို ဖတ်ကြားချီးမြှင့်ဆောင်ရွက်ရာတွင် နိုင်ငံ၏ ပြည်တွင်းရန်ကို နှိမ်နင်းခြင်း၊ ပြည်ပရန်ကို ကာကွယ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းစနစ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် သာလွန်မင်းတရားကြီးကို ဂုဏ်ပြုသောအားဖြင့် စစ်ရေယာဉ်ကြီး **"သာလွန်မင်း"** ဟု အမည်ပေးအပ်သည်။

ယင်းနောက် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး ရေချပေးခြင်း မင်္ဂလာအခမ်းအနားကို ရေတပ် ထုံးတမ်းစဉ်လာများအတိုင်းဆောင်ရွက်ရာ မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှန်ပိန်ပုလင်းခွဲ၍ ရေယာဉ်ကြီးအား ရေချပေးပြီး တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်ဖွဲ့က ဂုဏ်ပြုတီးမှုတ်ကြသည်။

### ဂါရဝပြုပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေယာဉ်ပုံစံငယ်နှင့် စစ်ရေယာဉ်ကြီး ရေချရာတွင် အသုံးပြုခဲ့သည့် ရွှေပုဆိန်တို့အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်ကြီး တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေယာဉ်အမည်ပေးခြင်းမင်္ဂလာကို ဖတ်ကြားချီးမြှင့်ဆောင်ရွက်စဉ်။

❖ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအနေဖြင့် ၂၁ ရာစု ရေတပ်များ၏ ရည်မှန်းချက်တာဝန်များနှင့် စွမ်းရည်များကို ပိုင်ဆိုင်မည့် စစ်ရေယာဉ်ကြီးဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်အတွင်း သမားရိုးကျနှင့်သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို ရှေ့တန်းကျကျ ကာကွယ်တားဆီးတိုက်ပွဲဝင်နိုင်ခြင်း၊ ကင်းလှည့်ထောက်လှမ်းခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ ကျူးကျော်မှုများကို တိုက်ဖျက်ခြင်းနှင့် ရေပြင်နယ်နိမိတ်ကာကွယ်ခြင်း၊ မိမိနိုင်ငံပိုင်နက်ပင်လယ်ပြင်ကို ထိန်းချုပ်ခြင်းနှင့် လူသားချင်းစာနာထောက်ထား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးပင်ဖြစ်ကာ ယခုကဲ့သို့ စစ်ဆင်ရေးနယ်ပယ်မျိုးစုံတွင် အသုံးပြုနိုင်သော စစ်ရေယာဉ်ကြီးအား ဖြည့်တင်းတည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများ ဖြစ်ထွန်းတည်ရှိရာ မြန်မာ့ပင်လယ်ပြင်ကို ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအား အမည်ပေးခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး၊ ရေတပ်စခန်း ဌာနချုပ်မှူးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ တပ်မတော်(ရေ)မှအရာရှိ စစ်သည်၊ မိသားစုများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၅ သို့ ✻**

✫ စာမျက်နှာ ၃ မှ

တွေ့ဆုံနှုတ်ဆက်ကာ ဂုဏ်ပြုလက်ဆောင်သစ်သီးခြင်း ပေးအပ်ပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးကို Ship lift Platform မှ ရေချခြင်းကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး **"သာလွန်မင်း"**ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ်မတ်လတွင် ရေတပ်သင်္ဘောကျင်းဌာနချုပ်၌ ရေခါင်းမင်္ဂလာအခမ်းအနားပြုလုပ်၍ စတင်တည်ဆောက်ခဲ့ပြီး ရေယာဉ်ကြီးသည် ကြီးမားသည့်အတွက် ကိုယ်ထည်များ ခွဲခြားတည်ဆောက်ခဲ့ကာ ရေယာဉ် ကိုယ်ထည်ကြီးအဖြစ် တွဲဆက်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုစစ်ရေယာဉ်ကြီးသည် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် စစ်ရေယာဉ်များအနက် အရွယ်အစားအကြီးမားဆုံးဖြစ်ပြီး ခေတ်မီစစ်ရေယာဉ်တစ်စင်း၏ လိုအပ်ချက်များနှင့်အညီ ကိုယ်ထည်ပိုင်း၊ စက်ပိုင်း၊ လျှပ်စစ်ပိုင်း၊ လက်နက်နှင့် လက်နက်စနစ်ပိုင်းတို့ကို ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး ရေယာဉ်အတွင်းပိုင်း အခန်းဖွဲ့စည်းမှုများနှင့် စနစ်များကိုလည်း နိုင်ငံတကာခေတ်မီ စစ်ရေယာဉ်ကြီးများနည်းတူ ကောင်းမွန်စေရေး ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်၍ ရေယာဉ်ဆိုင်ရာ အချက်အလက်များ အနေဖြင့် အလျား ၁၃၅ မီတာ၊ အနံ ၁၄ ဒသမ ၅ မီတာ၊ အမြင့် ၉ မီတာ၊ ရေစူး ၄ ဒသမ ၁ မီတာ၊ ဝန်ပြည့်အလေးချိန် ၃၅၀၀ တန်ရှိကာ အမြန်နှုန်းတစ်နာရီလျှင် ရေမိုင် ၃၀ အထိမောင်းနှင်နိုင်မည့်စစ်ရေယာဉ်ကြီးဖြစ်သည်။ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအနေဖြင့် ၂၁ ရာစု ရေတပ်များ၏ ရည်မှန်းချက်တာဝန်များနှင့် စွမ်းရည်များကို ပိုင်ဆိုင်မည့် စစ်ရေယာဉ်ကြီးဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်အတွင်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို ရှေ့တန်းကျကျ ကာကွယ်တားဆီးတိုက်ပွဲဝင်နိုင်ခြင်း၊ ကင်းလှည့်ထောက်လှမ်းခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ ကျူးကျော်မှုများကို တိုက်ဖျက်ခြင်းနှင့် ရေပြင်နယ်နိမိတ်ကာကွယ်ခြင်း၊ မိမိနိုင်ငံပိုင်နက်ပင်လယ်ပြင်ကို ထိန်းချုပ်ခြင်းနှင့် လူသားချင်းစာနာထောက်ထား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးပင်ဖြစ်ကာ ယခုကဲ့သို့ စစ်ဆင်ရေးနယ်ပယ်မျိုးစုံတွင် အသုံးပြုနိုင်သော စစ်ရေယာဉ်ကြီးအား ဖြည့်တင်း တည်ဆောက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ ရေကြောင်း အကျိုးစီးပွားများ ဖြစ်ထွန်းတည်ရှိရာ မြန်မာ့ပင်လယ်ပြင်ကို ပိုမိုထိရောက်စွာ ကာကွယ် စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး **"သာလွန်မင်း"** ကို ယနေ့နံနက် ၉ နာရီတွင် စတင်ရေချခဲ့ပြီး ၁၀ နာရီ ၄ မိနစ်တွင် စစ်ရေယာဉ် တစ်စီးလုံး ရေထုအတွင်းသို့ အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်းနှင့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တံတားသို့ ၁၁ နာရီ ၂၄ မိနစ်တွင် ရောက်ရှိဆိုက်ကပ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေယာဉ်ကြီးတည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရှင်းလင်းတင်ပြစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။

✻ စာမျက်နှာ ၄ မှ

ဦးစွာ အခမ်းအနားအစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးက တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်း ဌာနချုပ် ဌာနချုပ်မှူးက ဇာဗူဟာစစ်ရေယာဉ်စုမှူးထံ တပ်တော်ဝင်စစ်ရေယာဉ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များအား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော် အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ)အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော ၆၃ မီတာ ရေငုပ်သင်္ဘော တိုက်ဖျက်ရေး ရေယာဉ်နှစ်စင်းတို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ) ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်) တို့မှ အမြောက် ၂၁ ချက် ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဂုဏ်ပြု အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ဖရီဂိတ်စစ်ရေယာဉ် (အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)၊ ဖရီဂိတ် စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ် (တပင်ရွှေထီး)၊ ကမ်းလွန်ကင်းလှည့်စစ်ရေယာဉ်(အင်းလေး)နှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး ရေယာဉ် (ရန်ရဲအောင်)တို့က ရှေ့နောက်တန်းပုံပြု (Single Line Formation) ပုံစံဖြင့်လည်းကောင်း၊ ၄၉ မီတာ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်(ဒုံးပျံ) စစ်ရေယာဉ် ၄၉၁ ဦးဆောင်သော စစ်ရေယာဉ်နှစ်စင်းနှင့် အမြန်သွားကင်းလှည့်ရေယာဉ် လေးစင်းတို့က ရင်ပေါင်တန်းပုံပြု (Line Abreast Formation) ပုံစံများဖြင့် အသီးသီး ပုံပြုမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ရေယာဉ်များတည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်(Plaque)၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

စာမျက်နှာ ၆ သို့ ✻

* စာမျက်နှာ ၅ မှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်စစ်ရေယာဉ်များကို လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ ယနေ့တွင် တပ်မတော်(ရေ)မှ တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်း၊ ၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်နှစ်စင်းအား တပ်တော်ဝင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော်(ရေ)တို့အတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးသည် လိုသလိုရွေးချယ် ပြောင်းလဲအသုံးပြုနိုင်သည့် ဂီယာစနစ်ပါဝင်သည့်ဒီဇယ်သို့မဟုတ် Gas Turbine ပေါင်းစပ်မောင်းနှင်မှုစနစ် (Combination of Diesel or Gas – CODOG) ကို တပ်ဆင်ထားသည့် စစ်ရေယာဉ်ကြီးဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှ ယခု ဖရီဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့် တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ **"ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်"**ဟူသည့်ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်အသစ်များကို တည်ဆောက်ကာ ဝယ်ယူအသုံးပြုသူ အဆင့်မှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder) အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိကာ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်းသဘာဝ အလှတရားများစွာတို့ဖြင့် ပြည့်နှက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ပြီးပြည့်စုံပြီး အဖိုးတန်လှသည့် မြန်မာ့ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နိုင်ရေးအတွက် တပ်မတော် (ရေ)ကို ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေး စဉ်ဆက်မပြတ်တိုးချဲ့ တည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အားအပြည့်အဝ ကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy) အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ် ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ် (Adjacent Force Projection Navy / Regional Navy) အဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက်လည်း ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆက်စပ် ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်ဖြစ်စေရေးအတွက် တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများ မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် ရေယာဉ် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သား အသင့်ဖြစ်မှု ဟူသည့် အသင့်ဖြစ်မှု (၃) ရပ်နှင့်ပြည့်စုံအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ်လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ဆင့်ကမ်း ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မှ မျိုးဆက်သစ် အရာရှိစစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရန်နှင့် မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင် အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ (၇၇)နှစ်မြောက် တပ်မတော် (ရေ) နှစ်ပတ်လည်နေ့မှသည် နောင်ရာစုနှစ်၊ ထောင်စုနှစ်ပေါင်းများစွာအထိ နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို ဆက်လက် မြှင့်တင်သွားနိုင်ရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၃) ရေတပ်ဆိပ်ခံတံတားမှ ရေဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ် (ရတနာပုံ)ဖြင့် ထွက်ခွာကြသည်။

## ဂါရဝပြုပေးအပ်

ထိုသို့ သွားရောက်စဉ် စစ်ရေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် တံဆိပ်နှင့် စစ်ရေယာဉ်များ တပ်တော်ဝင် အထိမ်းအမှတ်တံဆိပ်များကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေဝတီရေတပ်စခန်းဌာနချုပ်ရှိ (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်းဌာနချုပ်အလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာစားသောက်ဖွယ်ရာ အရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်များနှင့် တပ်မတော်ထုတ် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းက (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်နှင့် စစ်ရေယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ်တံဆိပ်များအား ဂါရဝပြုပေးအပ်စဉ်။



၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် နှစ်စင်းအား တွေ့ရစဉ်။

# လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းအသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အညွှန်းကိန်းနှင့် သက်ဆိုင်သည့် ဌာနအဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ပုံမှန်ပြုစု ထုတ်ပြန်နိုင်ရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများနှင့်ပတ်သက်၍ အညွှန်းကိန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှစာရင်းများ တောင်းခံဆောင်ရွက်လျက်ရှိရာ ကဏ္ဍအားလုံးနှင့် သက်ဆိုင်လွှမ်းခြုံသော အညွှန်းကိန်းများကို အညွှန်းကိန်းများ လက်စွဲစာအုပ်တွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လက်စွဲစာအုပ် ပုံမှန်ပြုစုထုတ်ဝေခြင်းဖြင့် ယုံကြည်စိတ်ချရပြီး မှန်ကန်မှုရှိသော ကိန်းဂဏန်း အချက်အလက်များ အလွယ်တကူ ရရှိနိုင်ခြင်း၊ အညွှန်းကိန်းများကို အခြေခံ၍ နိုင်ငံရေးရေးအတွက် ခိုင်မာသော မူဝါဒများ ချမှတ်နိုင်ခြင်း၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှု အဆင့်အတန်းနှင့် လူနေမှု အဆင့်အတန်းတို့ကို သိရှိနိုင်ခြင်းကြောင့် အညွှန်းကိန်းများ လက်စွဲစာအုပ် ပြုစုထုတ်ပြန်နိုင်ခြင်းသည် နိုင်ငံတော်၏ လူ့စွမ်းအားဆိုင်ရာ မှတ်တိုင်တစ်ခု ဖြစ်ကြောင်း။

အလုပ်သမား ဝန်ကြီးဌာနသည် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ ဖော်ထုတ် အသုံးပြုရေး လုပ်ငန်းကို ဦးတည်ဆက်သွယ်သည့် ဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး အခြားဝန်ကြီးဌာန ၂၁ ခုမှ အညွှန်းကိန်းနှင့်သက်ဆိုင်သည့် ဦးစီးဌာနနှင့် အဖွဲ့ ၄၄ ခု၊ တက္ကသိုလ်/ ကောလိပ် လေးခု၊ ကော်မတီ တစ်ခုနှင့် အသင်းအဖွဲ့ နှစ်ခုတို့မှ လုပ်ငန်းအဖွဲ့ဝင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် စုစည်းညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။





ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် ရေရှည်တည်တံ့စေရေး အဖွဲ့များခွဲ၍ ဆွေးနွေးသုံးသပ်ပြီး အကြံပြုချက်များရယူကာ လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ် (၂၀၂၃-၂၀၂၄ ခုနှစ်) ထွက်ရှိနိုင်ရေး ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့မီးရထားမှ နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် အထူးရထားခရီးစဉ်များ ပြေးဆွဲမည်

နေပြည်တော် ဒီဇင်ဘာ ၂၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နှစ်သစ်ကူးရုံးပိတ်ရက် ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန် - မော်လမြိုင် - ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါ နေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၇-၁၂-၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၂ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၃ | ၂၈-၁၂-၂၀၂၄ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၄ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |
| ၅ | ။ | အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၆ | ၁-၁-၂၀၂၅ | အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၇ | ။ | အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၇:၄၅ | ၁၇:၄၅ |
| ၈ | ။ | အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၅ | ၁၉:၁၀ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ်အဖြစ် အမှတ်(၂၅)အဆန်/(၂၆)အစုန် RBE ရထားအား ဒီဇင်ဘာ၂၃ရက်မှစ၍ နေ့စဉ် တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ အမှတ်(၂၅)အဆန် RBE ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁ နာရီ ထွက်ခွာ၍ မန္တလေးသို့ ည ၇ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ အမှတ်(၂၆)အစုန် RBE ရထားသည် မန္တလေးမှ နံနက် ၄ နာရီ ၄၅ မိနစ်တွင် ထွက်ခွာ၍ နေပြည်တော်သို့ နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း အသီးသီး ဆိုက်ရောက် /ထွက်ခွာပေးလျက်ရှိသည်။ ထို့အတူ သာစည်-မန္တလေး-သာစည် ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ နေ့စဉ်တိုးချဲ့ပြေးဆွဲပေးလျက်ရှိသော အမှတ်(၃၀၁)အဆန် RBE ရထားသည် သာစည်မှ နံနက် ၅ နာရီ ခွဲတွင် ထွက်ခွာ၍ မန္တလေးသို့ နံနက် ၉ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အမှတ်(၃၀၂) အစုန် RBE ရထားသည် မန္တလေးမှ မွန်းလွဲ၂ နာရီခွဲတွင်ထွက်ခွာ၍ သာစည်သို့ ညနေ ၆ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ထို့အပြင် ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ် မူတည်၍ ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်အတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများတွင် ဝန်ချိန်ပြည့် တွဲဆိုင်းများ တိုးချဲ့ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရထားစီးခရီးသွားပြည်သူများအတွက် ရထားလက်မှတ်များ လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် အထက်တန်းလက်မှတ်အား (၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား (၁)ရက်ကြိုတင်၍ လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ ပုံမှန်ပြေးဆွဲပေးသည့် ရထားများအတိုင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သန့်ရှင်းသာယာလှပရေး စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်း ဆောင်ရွက်

ညောင်ဦး ဒီဇင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့ ဘုရားနီဘုရားလမ်းဆုံမှ ငှက်ပစ်တောင်ဘုရားအထိ လမ်းဘေး(ဝဲ၊ ယာ)တစ်လျှောက်ရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ လိုက်လံကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခြင်းကို "ပုဂံ ဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့၏ ဦးဆောင်မှုဖြင့် အပတ်စဉ်(စနေနေ့တိုင်း) အရှိန်အဟုန်မပျက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ယမန်နေ့က Bagan Plastic Campaign အဖွဲ့ဝင်များ စုပေါင်းအဖွဲ့က ညောင်ဦးမြို့ ဘုရားနီဘုရားလမ်းဆုံတွင် စုရပ်ပြုလုပ်ကာ ငှက်ပစ်တောင်ဘုရားအထိ လမ်းဘေး(ဝဲ၊ ယာ) စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ ကောက်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပရေးအတွက် စွန့်ပစ်ပလတ်စတစ်အမှိုက်များ ပါဝင်ကူညီရှင်းလင်းဆောင်ရွက်ကြသူများကို စေတနာအလှူရှင်များက သောက်ရေသန့်၊ Royal - D အားဖြည့်အချိုရည်ဘူးများနှင့် ကောက်ညှင်းပေါင်းများဖြင့် ဝေငှပေးခဲ့သည်။



Bagan Plastic Campaign အဖွဲ့အနေဖြင့် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းများ ကင်းဝေးပြီး သတ်မှတ်အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျ အမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ပလတ်စတစ်အမှိုက်များကောက်ယူရှင်းလင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို အပတ်စဉ်(စနေနေ့တိုင်း) ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများ၊ အများပြည်သူ သွားလာသော ကားလမ်းမကြီးဘေး (ဝဲ၊ ယာ)များနှင့် မြို့အဝင်၊ အထွက်နေရာများရှိ စည်းကမ်းမဲ့ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အရှိန်အဟုန်မပျက် ကောက်ယူရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

## အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ်၊ ပထမနှစ် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၂၆-၁၂-၂၀၂၄ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့ထိလည်းကောင်း၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၄-၂-၂၀၂၅ ရက်နေ့မှ ၁၆-၅-၂၀၂၅ ရက်နေ့ထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

**အသက်သည် သွေး၊ သွေးသည် အသက်။**

# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၇) ကြိမ်မြောက်တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမဏ္ဍပ်သဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တိပိဋကဓရတိပိဋကကောဝိဒ ဩဝါဒစရိယအဖွဲ့ ဆရာတော်ကြီးများ၊ ပုစ္ဆက ဆရာတော်ကြီးများ၊ ကြီးကြပ်ရေး ဆရာတော်ကြီးများ၊ စာထောက်စာမ ဆရာတော်ကြီးများ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီးသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဒေ့ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဒုတိယဥက္ကဋ္ဌဆရာတော် ရေဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုမင်္ဂလာစာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့နယ် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယ ဩဝါဒကထာကို မိန့်ကြားတော်မူသည်။

**(ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ ၁၂ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာရောက်ရှိချိန်မှစ၍ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ပိဋကတ်ကျမ်းစာများ၊ ပုဒ်၊ ပါဠိ၊ အက္ခရာမှစ၍ မချွတ်ယွင်း မတိမ်းပါးအောင် လက်ဆင့်ကမ်း ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည်မှာ ယနေ့မျက်မှောက်ခေတ်ကာလတိုင်အောင် ဖြစ်ကြောင်း၊ ပရိယတ္တိဝန်ဆောင် ဆရာတော်များ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သလို ပရိယတ္တိအရာမှာလည်း ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးများ ပေါ်ထွန်းခဲ့ကြောင်း၊ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သော သာသနာ့အာဇာနည် အရှင်မြတ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေသောကြောင့် မြန်မာနိုင်ငံ သာသနာသည် ကမ္ဘာ့အလယ်တွင် တင့်တယ် ဝင့်ထည်လျက်ရှိကြောင်း လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးဩဝါဒါစရိယ ဆရာတော်များ၊ ပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များနှင့်တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား အလှူရှင်များက အလှူငွေကျပ် ၉၁၄၀၀၀၀၀ ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က အဋ္ဌကထာကျမ်းစာအုပ်များကို တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးဩဝါဒါစရိယဆရာတော်များနှင့်ကြီးကြပ်ရေးဆရာတော်များထံ ပေးအပ်လှူဒါန်းကြသည်။



ယင်းနောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်ကျောင်းတိုက်သစ် ဓမ္မသမိဒ္ဓိကျောင်း မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အရှင်သူမြတ်ထံမှ ဒေ့ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ (၇၇) ကြိမ်မြောက်၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုတော်မူကြသော စာပြန် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအား နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆက်ကပ်လှူဒါန်းသည့် နေ့ဆွမ်းကို တိပိဋကဓရတိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ စာပြန် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့စတင်ကျင်းပသည့် (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ် ရေးစာမေးပွဲကြီးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာ ၄၆၂ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဂုဏ်ပြုပွဲနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဂုဏ်ပြုပွဲနှင့် ဝန်ထမ်းများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု စိန်နားပန်မီးပုံးပျံကြီးအား အောင်မြင်စွာလွှတ်တင်ပူဇော်နိုင်ပြီး စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆုကို ရရှိခဲ့ခြင်းနှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအနေဖြင့် အားကစားနည်း ခြောက်နည်းကို ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်တစ်ခုရရှိခဲ့သည့်အတွက် ဝန်ကြီးဌာနအလိုက် အဆင့် (၈)နေရာ ရရှိခဲ့ခြင်းတို့အတွက် ဂုဏ်ယူကြောင်း၊ အဆိုပါပြိုင်ပွဲများကို တစ်ဦးချင်းစည်းကမ်း၊ အဖွဲ့လိုက်စည်းကမ်း၊ အပြုသဘောဆောင်သည့် စိတ်ဓာတ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သဖြင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်တွင် ဝန်ကြီးဌာနကိုယ်စားပြု စိန်နားပန်မီးပုံးပျံကြီးအား အောင်မြင်စွာလွှတ်တင် ပူဇော်နိုင်ပြီး "စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆု" ကို ရရှိခဲ့သည့်အတွက် ပြည်ထောင်စုဝန်ကြီးက အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့ပြီး ဝန်ကြီးဌာနအလိုက် အဆင့်(၈)နေရာ ရရှိခဲ့သည့်အတွက် ဒုတိယဝန်ကြီးက ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်းများအလိုက် အသင်းအုပ်ချုပ်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးရုံး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက မိမိတို့၏ အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာဌာနအကြီးအမှူးများက ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများအားလုံး နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၂၄

ယနေ့နံနက် ၀၀ နာရီ ၂၇ မိနစ် ၂၅ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် မိုင် ၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဆင်ပေါင်ဝဲမြို့၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၈ ဒီဂရီ၊ အနက် ၆၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၄

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းလွန်-တမီးလ်နာဒူးမြောက်ပိုင်း ကမ်းခြေ)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော သာရဏီယဩဝါဒကထာ

"ပဋိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ"အစရှိသည်ဖြင့်လည်းကောင်း၊"ပဋိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ" အစရှိသည်ဖြင့်လည်းကောင်း မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသည့် သာသနာတော် ကွယ်ပခြင်းအကြောင်းနှင့် သာသနာတော်တည်တံ့ခြင်းအကြောင်းတို့ကို နှလုံးသွင်းဆင်ခြင်နိုင်ကြစေရန် အင်္ဂုတ္တရနိကာယ်၊ ပထမ သဒ္ဓမ္မသမ္မောသ သုတ်(အံ၊ ၂၊ ၁၅၅)ကို အကျဉ်းချုပ်၍ ပြောကြားလိုပါသည်။ သာသနာကွယ်ဖို့ အကြောင်းငါးပါးက-

၁။ ရဟန်းသံဃာများ တရားတော်ကို ရိုသေစွာ မနာယူခြင်း။

၂။ တရားတော်ကို ရိုသေစွာ မသင်ယူခြင်း။

၃။ တရားတော်ကို ရိုသေစွာ နှုတ်တွင် မဆောင်ခြင်း။

၄။ ဆောင်ထားအပ်သော တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ မဆင်ခြင်ခြင်း။

၅။ တရားသဘောတို့ဖြင့် သိပြီးသောအခါ သိထားသည့်အတိုင်း ရိုသေစွာ မလိုက်နာမကျင့်ကြံခြင်း ဟူသော အကြောင်းတရားငါးပါး ဖြစ်ပါသည်။

ရဟန်းသံဃာတော်များသည် ယခုပြောခဲ့သည့် သာသနာကွယ်ခြင်း အကြောင်းငါးပါးနှင့် လက်တွေ့ဖြစ်နေလျှင် မကြာမီပင် သာသနာကွယ်ပျောက်မည် ဖြစ်ပါသည်ဘုရား။

သာသနာတည်တံ့ခြင်းအကြောင်းငါးပါးကတော့ -

၁။ ရဟန်းသံဃာများသည် တရားတော်ကို ရိုသေစွာ နာယူခြင်း။

၂။ တရားတော်ကို ရိုသေစွာ သင်ယူခြင်း။

၃။ တရားတော်ကို ရိုသေစွာ နှုတ်တွင် ဆောင်ထားခြင်း။

၄။ ဆောင်ထားသည့် တရားတော်များ၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာ ဆင်ခြင်ခြင်း။

၅။ တရားသဘောတို့ဖြင့် သိပြီးသောအခါ သိထားသည့်အတိုင်း ရိုသေစွာ လိုက်နာကျင့်ကြံခြင်း ဟူသော အကြောင်းတရားငါးပါး ဖြစ်ပါတယ်။

ရဟန်းသံဃာတော်များသည် ဤသာသနာတည်တံ့ခြင်း အကြောင်းငါးပါးကို ကျင့်ကြံကြိုးကုတ်အားထုတ်နေလျှင် မြတ်စွာဘုရားရှင် သာသနာတော်ကြီးသည် ကြာရှည်စွာ တည်တံ့နေမှာဖြစ်ပါတယ်။ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို စာရင်းသွင်းဝင်ရောက်၍ အာဂုံပြန်ဆိုဖြေဆိုတော်မူကြမည့် အရှင်မြတ်များသည် မြန်မာနိုင်ငံ ပရိယတ္တိသာသနာတော်တွင် အဆင့်မြင့်မြင့် ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်ကြိုးပမ်းနေကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များ ဖြစ်ကြပါတယ်။ အဆင့်မြင့်မြင့် ပရိယတ္တိ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသူများပီပီ ရည်ရွယ်ချက်ကြီးမားစွာ ထားရှိပြီး အာဂုံအရ ကျက်မှတ်ဆောင်ထားသည့် ပရိယတ္တိဓမ္မများ၏အနက်အဓိပ္ပာယ်သဘောတရားတို့ကို ထိထိမိမိ သိရှိအောင် နှလုံးသွင်းဆင်ခြင်ဖို့ လိုအပ်ပါတယ်။

ထို့ပြင် သာသနာတော်တည်တံ့ရန်အတွက် ပရိယတ္တိသာ ပဓာနကျကြောင်း အဋ္ဌကထာဆရာတို့က မိန့်ဆိုထားပါတယ်။ အကျင့်ပဋိပတ်မပါဘဲ ပရိယတ္တိတစ်ခုတည်းဖြင့် သာသနာတော်တည်တံ့နိုင်ကြောင်းကို ဆိုလိုသည် မဟုတ်ပါ။ သာသနာတော်တည်တံ့ခြင်း အကြောင်းငါးပါးတို့တွင် တရားသဘောတို့ကို သိပြီးသည့်အခါ သိထားသည့်အတိုင်း မလိုက်နာ မကျင့်သုံးလျှင် မိမိသန္တာန်မှာမတည်ဘဲ ကွယ်ပျောက်နေသည်ကို သတိပြုရမှာ ဖြစ်ပါတယ်။

ထိုကဲ့သို့ သိရှိပြီးသောတရားတော်များကို တတ်နိုင်သမျှ မိမိတို့ ကိုယ်တိုင် လိုက်နာကျင့်သုံးခြင်း၊ တပည့်ရဟန်း၊ သာမဏေများကိုလည်း တွင်တွင်ကျယ်ကျယ်ပို့ချပြီး မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီးကို ပစ္စည်းလေးဖြာ လိုအပ်ရာတို့ဖြင့် ထောက်ပံ့လှူဒါန်းနေကြသည့် ဒါယကာ ဒါယိကာမများကိုလည်း ဟောပြောညွှန်ပြခြင်းတို့ကို ပြုလုပ်ပေးကြမှသာ မြတ်စွာဘုရားရှင် သာသနာတော်ကြီး တည်တံ့ပြန့်ပွားနိုင်မည်ဖြစ်ပါတယ်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြမည့် သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား-

"ဂန္ထဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခူတိ" (ဓမ္မပဒအဋ္ဌကထာ၊၁၊၅)၌လာသော ဒေသနာတော်နှင့်အညီ ဤသာသနာတော်၌ စာပေကျမ်းဂန် သင်အံပို့ချခြင်း ဂန္ထဓုရတာဝန်၊ ဝိပဿနာကမ္မဋ္ဌာန်း တရားပွားများခြင်း ဝိပဿနာဓုရတာဝန်ဟု တာဝန်နှစ်မျိုးရှိကြောင်း ပြဆိုထားပါတယ်။ ထိုကဲ့သို့ အဋ္ဌကထာဆရာတို့ ပြဆိုထားသည့်အတိုင်း အာဂုံပြန်ဆိုပွဲ၌ ပြန်ဆိုနိုင်သည်ဖြစ်စေ၊ မပြန်ဆိုနိုင်သည်ဖြစ်စေ မြတ်စွာဘုရားရှင်သာသနာတော်တွင် ကိုယ်ခန္ဓာ ကြံ့ခိုင်စွမ်းနိုင်သည့်အရွယ်မှာ ရှိနေပါက "ပရိယတ္တိစာပေကျမ်းဂန်များကို သင်အံလေ့ကျက် ပို့ချနေရမည့် ဂန္ထဓုရတာဝန်သည် ငါတို့တာဝန်ဖြစ်သည်" ဟု နှလုံးသွင်းကြကာ အာဂုံပြန်ဆိုကြရမည်ဖြစ်ပါတယ်။ ထိုကဲ့သို့ ကောင်းမြတ်သောနှလုံးသွင်းခြင်းဖြင့် ပြန်ဆိုကြမည်ဆိုပါက စာမေးပွဲမှလွဲချော်၍ မအောင်မြင်စေကာမူ အရှင်ဘုရားတို့၏ စိတ်အစဉ်သည် မပင်မပန်း ရွှင်လန်းချမ်းမြေ့စွာ သာသနာတော်စိတ်ဓာတ်အပြည့်အဝဖြင့် ပရိယတ္တိစာပေကို အစဉ်မပြတ် ဆက်လက်ကြိုးပမ်းလိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာကြပါလိမ့်မည် ဘုရား။

စာမေးပွဲအောင်ရုံ တစ်ခုတည်းသော ရည်ရွယ်ချက်ထား၍ ပြန်ဆိုပါက ကျရှုံးလျှင် နှလုံးမသာမယာဖြစ်ပြီး ပရိယတ္တိစာပေကို မသင်အံ မကျက်မှတ်လိုခြင်းစသည့် မကောင်းသောအလားအလာများ ဖြစ်ပွားလာနိုင်ပါတယ်၊ သို့အတွက်ကြောင့် ရောဂါဝေဒနာကင်း၍ ခန္ဓာကိုယ်ကြံ့ခိုင်စွမ်းနိုင်သည့်အရွယ်မှာ ပရိယတ္တိစာပေကျမ်းစာများကို ကိုယ်တိုင်လည်းကျင့်ကြံ တပည့်များကိုလည်း သင်ကြားပို့ချပေးရန်၊ ဒါယကာ ဒါယိကာမများကိုလည်း မှန်ကန်စွာ ဟောကြားညွှန်ပြနိုင်ရန် သာသနာတော်ကြီးကိုလည်း ချီးမြှောက်စောင့်ရှောက်နိုင်ရန်ဟူသော ရည်ရွယ်ချက်ကောင်းဖြင့် ကျက်မှတ်၍ပြန်ဆိုပါက ပစ္စုပ္ပန်သံသရာ ချမ်းသာဖွံ့ဖြိုး နိဗ္ဗာန်တိုင်အောင်သော အကျိုးတရားများကို ရရှိလိမ့်မည်ဖြစ်ကြောင်း သတိပေးစကား ပြောကြားရင်း ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသတည်း။

## Training on Neonatal Resuscitation သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မွေးကင်းစကလေး အသက်ကယ် ပြုစုစောင့်ရှောက်ခြင်း သင်တန်း (Training on Neonatal Resuscitation)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Myanmar CDC Theater ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ/မွေးကင်းစနှင့် ကလေးအထူးကု ဆရာဝန်ကြီးများ၊ မွေးကင်းစနှင့် ကလေးအထူးကု ဆရာဝန်များ၊ ဆေးရုံအုပ်ကြီးများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက အသက်ငါးနှစ်အောက် ကလေး သေဆုံးမှုနှုန်းနှင့် မွေးကင်းစကလေး သေဆုံးမှုနှုန်းသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းအဖြစ် ပါဝင်နေကြောင်း၊ လူ့မျှော်မှန်းသက်တမ်း တွက်ချက်ရာတွင်လည်း အရေးကြီးပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goal 2030) အရ မြန်မာနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ အသက်(၅)နှစ်အောက် ကလေးသေဆုံးမှုနှုန်းကို အရှင်မွေး ၁၀၀၀ လျှင် ၂၅ ယောက်သို့လည်းကောင်း၊ မွေးကင်းစကလေးသေဆုံးမှုနှုန်းကို အရှင်မွေး ၁၀၀၀ လျှင် ၁၂ ယောက်သို့လည်းကောင်း လျှော့ချရန်လိုအပ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ခန့်မှန်းချက် ကလေးသေဆုံးမှု (အစီရင်ခံစာ ၂၀၂၂) အရ မြန်မာနိုင်ငံအနေဖြင့် အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုကို လျှော့ချရာတွင် တိုးတက်မှုရှိကြောင်း၊ မွေးကင်းစကလေးအတွက် မွေးပြီးပြီးချင်း အချိန်တစ်မိနစ်အတွင်းသည် ကလေး၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် အသက်ရှင်သန်ရေးအတွက် လိုအပ်သည့် အဖိုးတန် တစ်မိနစ်ဖြစ်ပြီး အရေးကြီးသောကြောင့် ယခုသင်တန်းကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

Training on Neonatal Resuscitation သင်တန်းကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး မွေးကင်းစနှင့်ကလေးအထူးကု ဆရာဝန်ကြီးများက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ အမျိုးသမီးကျန်းမာရေး ဆရာမများ၊ သားဖွားဆရာမများ စုစုပေါင်း ၂၈၆ ဦးကို မွေးကင်းစကလေး အသက်ကယ် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ကြီး)နှင့် အခြား တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း သင်တန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုသင်တန်းများဆောင်ရွက်ခြင်းအားဖြင့် မွေးကင်းစကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်၊ ကလေးသေဆုံးမှုနှုန်းတို့ကို လျှော့ချနိုင်ပြီး မျှော်မှန်းလူ့သက်တမ်း တိုးတက်နိုင်ရေးအတွက်အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်ဥပဒေရုံးနှင့် ကျိုင်းတုံ ပညာရေး ဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် ဥပဒေရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျိုင်းတုံပညာရေးဒီဂရီကောလိပ်၊ ပညာ့ဗိမာန်ခန်းမတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းတုံခရိုင်ဥပဒေရုံးမှ ခရိုင်ဥပဒေအရာရှိ ဦးဝင်းမောင်က ဥပဒေရေးရာ ဝန်ကြီးဌာန သမိုင်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေစသည့် ဥပဒေရေးရာဆိုင်ရာအကြောင်းအရာများကို ကျိုင်းတုံပညာရေး ဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

ပန်းမန်သစ်ပင် လေသန့်စင်၍
ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများ ထိခိုက်လျော့နည်းမှုများ မရှိစေရေးနှင့် ရေရှည်တည်တံ့စွာအသုံးချနိုင်ရေး၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် ကျူးလွန်အသုံးပြုခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်ကာ အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဎင်းနောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေဥပဒေပုဒ်မ-၃၀(ခ)အရ အခြားနည်းအသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစာတွဲ ၁၁၉ တွဲနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စိစစ်တင်ပြရန် လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## မိုင်းယန်းမြို့နယ်၊ ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းနယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းဖြင့် ယန်းခိုင်ကျေးရွာတို့၌ ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံများ၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ယန်းခိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဂျင်းမြေခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။ (အပေါ်ပုံ)

မိုင်းယန်းမြို့နယ်၊ ယန်းခိုင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ သန်း၊ စုစုပေါင်း ငွေကျပ် ၁၆ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ပေ ၁၉၈၀၊ အကျယ် ၁၂ပေ၊ အမြင့် ၉ လက်မရှိ ကျေးရွာကုန်ထုတ်လမ်း ဂျင်းမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ယန်းခိုင်ကျေးရွာရှိ ပြည်သူများ အချိန်မရွေးလွယ်ကူစွာ သွားလာမှု အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ (ဝ၄ဝ)

## ကျောင်းအခြေပြု တီဘီရောဂါအရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲအခမ်းအနား ကျင်းပ

**သရက် ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲ အခမ်းအနားကျင်းပခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောရာတွင် ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း စီမံချက်ကို ကျောင်းနေအရွယ် ကလေးများတွင် တီဘီရောဂါအကြောင်း ပိုမိုသိရှိနားလည်စေရန်၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင် တီဘီရောဂါကူးစက်မှုထိန်းချုပ်ရေးအားပေးရန် အထူးသဖြင့် ချောင်းဆိုးနည်းစနစ် မှန်ကန်စေရန်နှင့် ကျောင်းနေအရွယ် ကလေးများတွင် တီဘီရောဂါရှာဖွေ ဖော်ထုတ်ရန်ဟူသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်မည်ဟု သိရှိရကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က ကျောင်းအခြေပြု တီဘီရောဂါ အရှိန်အဟုန်မြှင့် ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း စီမံချက်နှင့်ပတ်သက်၍ ပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးဌာန ကျန်းမာရေးမှူး(၄) ဒေါ်စုသက်မွန်က တီဘီရောဂါနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

ဇော်ထက်(သရက်)





## အခမ်းအနားမှူးသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခမ်းအနားမှူးသင်တန်း ဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ တိုင်းဒေသကြီးရုံးရှိ သင်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အမှာစကား ပြောကြားပြီး အခမ်းအနားမှူးများအဖြစ် နှစ်ယောက်တစ်တွဲစီ လက်တွေ့သရုပ်ပြယှဉ်ပြိုင်ခဲ့မှုအပေါ် အကဲဖြတ်အမှတ်ပေးခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသည့် သင်တန်းသူများအား တိုင်းဒေသကြီး ဦးစီးမှူးက ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ဒုတိယတိုင်းဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ (အပေါ်ပုံ)

အဆိုပါသင်တန်းကို ဒီဇင်ဘာလ ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ပြီး ခရိုင်အတွင်းရှိ မြို့နယ်ရုံးများမှ ဝန်ထမ်း ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ (ဝ၉၃)




## နည်းပြ ဝိန်းရွန်နီအား နည်းပြရာထူးမှ ပလိုင်းမောက်အသင်းထုတ်ပယ်သွားမည်



**လန်ဒန် ဒီဇင်ဘာ ၂၄**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ပလိုင်းမောက်အသင်းသည် အသင်းရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ဝိန်းရွန်နီအား ရာထူးမှ ယခုရက်ပိုင်းအတွင်း ထုတ်ပယ်သွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ပလိုင်းမောက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပွဲစဉ် ၂၁ပွဲကစားအပြီးတွင် ရမှတ် ၁၈မှတ်ဖြင့် အဆင့် ၂၄နေရာတွင်ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားလျက်ရှိသည်။

ပလိုင်းမာက်အသင်း ပရိသတ်များကလည်း နည်းပြ ဝိန်းရွန်နီအား ရာထူးမှထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။

ထို့ကြောင့် ပလိုင်းမောက်အသင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြ ဝိန်းရွန်နီအား နည်းပြရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## နည်းပြ ဟန်ဆီဖလစ် ဘာစီလိုနာအသင်းတွင် ဆက်ရှိသွားမည်

**ဘာစီလိုနာ ဒီဇင်ဘာ ၂၄**

နည်းပြ ဟန်ဆီဖလစ်အား အသင်းနည်းပြ ရာထူးမှ ထုတ်ပယ်မည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာဆက်ရှိသွားမည်ဟု ဘာစီလိုနာအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ နည်းပြသည် ဘာစီလိုနာအသင်းအား ၂၀၂၄ခုနှစ် မေလက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၅ပွဲတွင် ၁၇ပွဲနိုင်၊ ၂ပွဲသရေ၊ ၆ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "နည်းပြ ဟန်ဆီဖလစ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ဦးပါ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ် ၁၉ပွဲကစားအပြီးတွင် ရမှတ် ၃၈မှတ်ဖြင့် အဆင့် (၃)နေရာတွင် ရပ်တည်ခဲ့သည်။ (အောက်ပုံ)

(NGB)



## အော်စကာအား သုံးနှစ်စာချုပ်ဖြင့်ခေါ်ယူရန် ဆော်ပေါ်လိုအသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၂၄**

ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်းသည် လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေသော အသင်းကွင်းလယ်ကစားသမားဟောင်း အော်စကာအား သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဆော်ပေါ်လို၊ ချဲလ်ဆီး၊ ရှန်ဟိုင်းပို့စ်စသည့် ကလပ်အသင်းများအပြင် အခြား ကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆော်ပေါ်လိုအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အော်စကာကိုယ်တိုင်ကလည်း ငယ်ဘဝကလပ်ဖြစ်သည့် ဆော်ပေါ်လိုအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဆော်ပေါ်လိုအသင်းအနေဖြင့် အော်စကာအား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)





## အသင်းရလဒ်ဆိုးများကြောင့် ခရစ္စမတ်နေ့မှာ မန်ချက်စတာစီးတီးအသင်း ကစားသမားများ လေ့ကျင့်မှုများ ပြုလုပ်သွားရမည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၄**

မန်ချက်စတာစီးတီးအသင်း နည်းပြ ဂွါဒီယိုလာသည် အသင်းရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် ကစားသမားများအား ခရစ္စမတ်နေ့မှာ အနားယူခိုင်းခြင်းမပြုဘဲ လေ့ကျင့်မှုများ ပြုလုပ်သွားရမည်ဖြစ်သည်။

မန်ချက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၇ပွဲကစားအပြီးတွင် ရမှတ် ၂၇မှတ်ဖြင့် အဆင့် ၇ နေရာတွင် ရပ်တည်ခဲ့ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် အသင်းကစားသမားများအား လေ့ကျင့်မှုများ ပြုလုပ်ရန် စေခိုင်းလာခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာစီးတီးအသင်း ကစားသမားများသည် အစောပိုင်းက ခရစ္စမတ်နေ့မှာ မိသားစုဝင်များနှင့်အတူ ဖြတ်သန်းသွားရန် စီစဉ်ထားခဲ့သော်လည်း အသင်းနည်းပြ ဂွါဒီယိုလာ၏ လေ့ကျင့်ခန်းအစီအစဉ်ဆင့်ခေါ်ခဲ့မှုကြောင့် အနားမယူရဘဲ လာမည့်ပွဲစဉ်များအတွက် လေ့ကျင့်မှုများ ပြုလုပ်သွားရတော့မည်ဖြစ်သည်။

မန်ချက်စတာစီးတီးအသင်းသည် Boxing Day ပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၂၆ရက် မြန်မာစံတော်ချိန် ည ၇နာရီတွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

*-*-*-*-*-*-*

## အီဒါဆန်အား စာချုပ်သက်တမ်းတိုးရန် အတ္တလန္တာအသင်း စီစဉ်

**တူရင် ဒီဇင်ဘာ ၂၄**

စီးရီးအေကလပ် အတ္တလန္တာအသင်းသည် အသင်းကွင်းလယ်ကစားသမား အီဒါဆန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခဲ့ပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အတ္တလန္တာအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အီဒါဆန်သည် အတ္တလန္တာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၂ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အတ္တလန္တာအသင်းထုတ်ပြန်ချက်တွင် "အီဒါဆန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)

## ဖေမီနိုအား ခေါ်ယူရန် ဂါလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၂၄**

တူရကီကလပ်အသင်းများဖြစ်သည့် ဂါလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းတို့သည် ဆော်ဒီကလပ် အယ်လ်အာလီအသင်း တိုက်စစ်မှူး ဖေမီနိုအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဖေမီနိုသည် အယ်လ်အာလီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲကစားကာ ၁၅ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် တူရကီကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ (ယာပုံ)

တိုက်စစ်မှူး ဖေမီနိုကလည်း လက်ရှိအချိန် အယ်လ်အာလီအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ဂါလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းတို့အနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အယ်လ်အာလီအသင်းထံမှ ဖေမီနိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)



## 2025 Hobart International
## တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၃ ရက်တွင် စတင်မည်

**လန်ဒန် ဒီဇင်ဘာ ၂၄**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ် ပြိုင်ပွဲဖြစ်သည့် 2025 Hobart International တင်းနစ်ပြိုင်ပွဲကို လာမည့် ဇန်နဝါရီ ၃ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Hobart International တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၃ရက်မှ ၁၂ရက်အထိ ၁၀ရက် ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Hobart International တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Hobart International တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အမေရိကန်တင်းနစ် မယ် Emma Navarro ဖြစ်သည်။

(အောက်ပုံ)

(NGB)



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို အခွန်ဌာနမှ ကြီးမှူး၍ ဒီဇင်ဘာ ၁၆ ရက်မှစတင်၍ ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အုပ်စုပွဲစဉ်များပြီး၍ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပရာ ပွဲစဉ်(၁)အဖြစ် ဈေးနှင့် သားသတ်ဌာနအသင်းနှင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး ဈေးနှင့် သားသတ်ဌာနအသင်းက အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ အကြိုဗိုလ်လုပွဲ ပွဲစဉ်(၂)အဖြစ် စက်ရုံနှင့် မော်တော်ယာဉ်ဌာနအသင်းနှင့် သန့်ရှင်းရေးဌာနအသင်းတို့ ယှဉ်ပြိုင်ကြရာ စက်ရုံနှင့် မော်တော်ယာဉ်ဌာနအသင်းက အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ကာ ဒီဇင်ဘာ ၂၆ ရက်တွင် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားမှုများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် အတူ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြပြီး ဖူဆယ်ပြိုင်ပွဲအား တိုင်းဒေသကြီး ဖူဆယ်ဘောလုံးဆပ်ကော်မတီမှ ဒိုင်လူကြီးများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ် ၇၈လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ ဆင်ဖြူကန်ကွင်းသို့ ရောက်ရှိပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် ကျင်းပပြုလုပ်မည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲအတွက် မြို့တော်စည်ပင်ဌာနအသီးသီးမှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာမြို့တော်ဝန်နှင့်အဖွဲ့သည် ဆင်ဖြူကန်ကွင်းအတွင်း သန့်ရှင်းရေးနှင့် မြေညှိပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ အဝင်လမ်းအရှေ့ဘက်ခြမ်းတွင် အရှည် ပေ(၁၀၀၀)ရှိပြီး အပိုင်း (၁) အကျယ်ပေ (၁၁၀)၊ အပိုင်း (၂) အကျယ် (၁၄၃)ပေရှိ ပန်းခင်းတည်ဆောက်ရန် မြေညှိပြုပြင်ပြီး၍ အတည်ပြုတင်ပြထားသည့် ဒီဇိုင်းပုံစံအတိုင်း လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပြခန်းများ၊ အရောင်းဆိုင်များ၊ စားသောက်ဆိုင်တန်းများ၊ ကား၊ ဆိုင်ကယ်ရပ်နားရန်နေရာနှင့် အများသုံးသန့်စင်ခန်းတည်ဆောက်ရေးအတွက် လျာထားသတ်မှတ်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ယခုပြပွဲ ကျင်းပပြီးစီးသွားချိန်၌ ဆင်ဖြူကန်ကွင်းအတွင်း၌ ဥယျာဉ်ကြီးတစ်ခုတည်ဆောက်ကျန်ရှိနေစေရန် ရည်ရွယ်ချက်ထားရှိပါကြောင်း ပြောကြားခဲ့ပြီး လုပ်ငန်းများအား အမြန်ဆုံးစတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။





**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

## ရတနာပုံတက္ကသိုလ် အဝေးသင် သင်တန်း(၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၄**

ရတနာပုံတက္ကသိုလ် အဝေးသင် သင်တန်း၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ယနေ့နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင် များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ မော်ကွန်းထိန်း(စာမေးပွဲနှင့်ဘွဲ့နှင်းဌာန)၊ လက်ထောက်မော်ကွန်းထိန်း (အဝေးသင်သင်တန်း)၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။




ဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က ၂၀၂၃ ပညာသင်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့ အသီးသီးအတွက် အောင်မြင်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်များအပ်နှင်းပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်း မြွက်ကြားသည်။

အဆိုပါ အဝေးသင် သင်တန်း၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အစမ်းလေ့ကျင့်ရက် အပါအဝင် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ အပိုင်း ၆ ပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၂၀၉၂ ဦး၊ အဝေးရောက်ဘွဲ့ ၃၅၅ ဦး စုစုပေါင်း ၂၄၄၇ ဦးကို ဘွဲ့အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၀၈၂)**

## အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)တွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၄**

လူငယ်များ စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်ပေါ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)တွင် ယနေ့နံနက် (၁၀)နာရီက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထိမ်းအမှတ်အနေဖြင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်)မှ ကျောင်းသား၊ ကျောင်းသူ (၂၅)ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင်ဆုရရှိသူများအား စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားတွင် ဆုများအသီးသီး ချီးမြှင့်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(အောက်ပုံ)**

**သွေးသွေး(ခရိုင် ပြန်/ဆက်)**

၀-၀-၀-၀

၀-၀-၀-၀-၀



**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ။**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှ ကြီးမှူးကျင်းပသော (ဒုတိယအကြိမ်)သီချင်းအဆိုပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲသီဆိုယှဉ်ပြိုင်ခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေး ဌာနမှ ကြီးမှူးကျင်းပသော(ဒုတိယအကြိမ်)သီချင်းအဆိုပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲသီဆိုယှဉ်ပြိုင်ခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင် (၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ဒုတိယ ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းများ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ ဒီဇင်ဘာ(၂၃)ရက်နေ့က ဆန်ခါတင်အဆင့် ရွေးချယ်ခံရသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာန(၁၄) ခုမှ အရာထမ်း၊ အမှုထမ်း(၂၀)ဦးတို့သည် နောက်ဆုံးအဆင့်ပြိုင်ပွဲဝင် သီချင်းများဖြင့် အလှည့်ကျသီဆိုယှဉ်ပြိုင်ခဲ့ကြရာ အဆိုပြိုင်ပွဲ ဒိုင် လူကြီးများဖြစ်ကြသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးတင်စိုး၊ သန့်ရှင်းရေးဌာနမှူး ဦးသန်းဇော်ထွန်း၊ ပြည်သူ့ဆက်ဆံ ရေးနှင့်ပြန်ကြားရေးဌာနမှ ဒေါ်နှင်းနှင်းဖြူ(အနုပညာရှင်-၁)တို့က အမှတ်ပေးရွေးချယ်ပေးခဲ့ကြသည်။ ထို့နောက် မြို့တော်ဝန်က အကဲ




ဖြတ်ဒိုင်အဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့်(ပထမနှင့် ဒုတိယ)ဆုရရှိသူ များကိုလည်းကောင်း၊ တတိယနှင့် နှစ်သိမ့်ဆုရ (၇)ဦးတို့အား အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များကလည်း ကောင်း ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

ဝ-ဝ-ဝ-ဝ-ဝ

## မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း မန္တလေးတိုင်းဒေသကြီး(ရုံးခွဲ) ချမ်းမြသာစည်မြို့နယ်အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း မန္တလေး တိုင်းဒေသကြီး(ရုံးခွဲ)ချမ်းမြသာစည် မြို့နယ်အလုပ်အမှုဆောင်ရွေးချယ် တင်မြှောက်ပွဲကို ယမန်နေ့နံနက် ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ MRPDA (MDY) အသင်းရုံး ခန်းမတွင် ကျင်းပခဲ့သည်။

အလုပ်အမှုဆောင်ရွေးချယ် တင်မြှောက်ပွဲ၌ ခုံသမာဓိအဖြစ် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) မှစာရင်းစစ် ဒေါ်စန်းစန်းငွေ၊ သဘာပတိအဖြစ် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးအသင်း မန္တလေးတိုင်းဒေသ ကြီး(ရုံးခွဲ)မှ တွဲဖက်စာရင်းစစ် ဦးအောင်အောင်ဘိုနှင့် အခမ်း အနားမှူးအဖြစ် တွဲဖက်အတွင်း ရေးမှူး ဦးခင်မောင်ဇင်တို့က ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိမ်ခြံ မြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်ယုယုဇော်က နှုတ်ခွန်းဆက် စကားပြောကြားပြီးနောက် မန္တလေး တိုင်းဒေသကြီး(ရုံးခွဲ)မှ ယာယီ ဥက္ကဋ္ဌ ဦးထွန်းမြင့်က အသင်း လုပ်ငန်းစဉ် ရည်ရွယ်ချက်များနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသက်ခိုင်က ရွေးကောက် ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ကို ရှင်းလင်းပြောကြားခဲ့သည်။

၄င်းနောက် အစီအစဉ် အတိုင်း ဆက်လက်ကျင်းပရာ ရွေးချယ်ခံမည့် ကိုယ်စားလှယ် လောင်းများ၏ အမည်စာရင်းများ ကြေညာ၍ မိတ်ဆက်ခြင်း၊ အလုပ် အမှုဆောင် ကိုယ်စားလှယ်လောင်း များက ဆန္ဒမဲပေး၍ ရွေးချယ်ခြင်း၊ သဘာပတိမှ ရွေးချယ်ခံရသော ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းအားကြေညာ၍ အတည်ပြုခြင်းများ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြုလုပ် ခဲ့ကြရာ မြန်မာနိုင်ငံအိမ်ခြံမြေ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့သစ် ဥက္ကဋ္ဌ ဦးစောနေအောင်ဝင်း၊ ဒုတိယ ဥက္ကဋ္ဌ ဒေါ်မော်မော်အေး၊ အတွင်း ရေးမှူး ဒေါ်ဆုမွန်ဇော်တို့ကို ရွေး ချယ်တင်မြှောက်ခဲ့ပြီး ဥက္ကဋ္ဌ က ကျေးဇူးတင်စကားကိုလည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး (ရုံးခွဲ)ယာယီ ဥက္ကဋ္ဌဦးထွန်းမြင့် က နိဂုံးချုပ်စကားပြောကြားခဲ့ သည်။

မြန်မာနိုင်ငံ အိမ်ခြံမြေ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း မန္တလေးတိုင်းဒေသကြီးတွင် အသင်းဝင်အင်အား ၂၀၀၀ ကျော် နှင့် ခရိုင်/မြို့နယ် အလုပ်အမှု ဆောင်အဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းထား ရှိကြောင်းနှင့် တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် အသင်းဝင်အင် အား ၁၃၀၀၀ ကျော်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ် ၄)**

## လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ပြည်ကြီးတံခွန် ဒီဇင်ဘာ ၂၄**

မန္တလေးခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တို့ ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာ ပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟို ဌာန(Community Centre) သင်တန်းခန်းမတွင် ကျင်းပ ခဲ့သည်။

ဟောပြောပွဲတွင် မန္တလေး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ လက် ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည် မွန်သူက အမှာစကားပြောကြား ပြီး ဦးစီးအရာရှိ ဒေါ်ခင်စောလွင် က လူကုန်ကူးမှုကာကွယ်ရေး ပြည်သူအားလုံးပါဝင်ပေးခေါင်းစဉ် ဖြင့်လည်းကောင်း၊ မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စန်း တင့်က လူကုန်ကူးမှုဆိုင်ရာ အသိ



ပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဝင် ဒေါ်မူမူဆန်းက လူကုန်ကူးမှု အစနှင့် လူကုန်ကူးမှုပုံစံအမျိုးမျိုး ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာ ကြသည့် ရပ်ကွက်(၁၈)ရပ်ကွက် မှ အမျိုးသမီးရေးရာနှင့်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် များက မိမိတို့သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရ သည်။

**(ဝ၈၄)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ၊ ပြပွဲများ ကျင်းပ

**မိုင်းပန် ဒီဇင်ဘာ ၂၄**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ လူထုအခြေပြုဗဟို ဌာန(Community Centre) ခန်းမ၌ (၇၇)နှစ်မြောက် လွတ်လပ် ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲ၊ ပြပွဲကို ယမန်နေ့နံနက် ၁၀ နာရီ က ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေစင်လတ်က လွတ်လပ် ရေးနေ့ဖြစ်ပေါ်လာပုံ၊ လွတ်လပ် ရေးရအောင် ကြိုးပမ်းခဲ့ကြရပုံနှင့် လွတ်လပ်ရေးနေ့ကျင်းပရခြင်း၏ အကြောင်းအရင်းများ ရှင်းလင်း ပြောကြားပြီး အ.ထ.က(မိုင်းပန်)၊ အ.လ.က(မွေတော်)နှင့် အ.လ.က (ခွဲ)မြို့မကျောင်းများမှ ကျောင်း သား၊ ကျောင်းသူများက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲ များ ကျင်းပခဲ့ကြကြောင်း သိရ သည်။

**(မြို့နယ်-ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ



# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ဇမ္ဗူသီရိ ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း 'ပညာဗိမာန်ခန်းမ'၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် 'ဇာတိမာန်သီချင်း' ဖြင့် သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-11 ကျောင်းသား မောင်အောင်ကျော်မင်းက 'လူငယ်နှင့်ငြိမ်းချမ်းရေး' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသား မောင်ဟိန်းထက်စံက 'လူငယ်နှင့်မူးယစ်ဆေးဝါး' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 ကျောင်းသူ မစုမြတ်ပိုပိုဇော်က 'လူငယ်နှင့်ပညာရေး' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မလင်းလက်မေက 'လူငယ်နှင့်ကျန်းမာရေး' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မသက်ထားဇော်က 'လူငယ်နှင့်နည်းပညာ' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ဘုန်းပြည့်ကိုကိုဇင်က 'လူငယ်နှင့်အားကစား' ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးကြသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် ၎င်းတို့ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး နံရံကပ်ပြဘုတ်များနှင့် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းသို့ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၃၁ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**အောင်သူရဦး(ပြန်/ဆက်)**



# ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပထ္ထမ္ဘကအဖွဲ့ လပတ်ပုံမှန်အစည်းအဝေး (၉/၂၀၂၄)ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဥပထ္ထမ္ဘကအဖွဲ့၏ လပတ်ပုံမှန်အစည်းအဝေး (၉/၂၀၂၄)ကို ဥပထ္ထမ္ဘကအဖွဲ့ အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) ကြွရောက်တော်မူပြီး မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပထ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ၊ ဥပထ္ထမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် ဥပထ္ထမ္ဘကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက 'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပူဇော်၍ အစည်းအဝေး စတင်ဖွင့်လှစ်ကာ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) က ဩဝါဒကထာ မြွက်ကြားတော်မူပြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပထ္ထမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးချစ်ထွန်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ယခင်ကျင်းပပြီးစီးခဲ့သည့် ဥပထ္ထမ္ဘကအဖွဲ့ လပတ်ပုံမှန်အစည်းအဝေး(၈/၂၀၂၄) မှတ်တမ်းကို ရုံးအဖွဲ့မှူး ဦးမောင်မောင်ကလည်းကောင်း၊ ၂၀၂၄ ခုနှစ်(နိုဝင်ဘာလ)အတွက် ဘဏ္ဍာရေးမှူး၏ (အပ်၊ ထုတ်၊ ကျန်)ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး (ကိုယ်စား)အဖွဲ့ဝင် ဦးကြည်စိုးကလည်းကောင်း၊ ၂၀၂၄ ခုနှစ် (နိုဝင်ဘာလ)အတွက် (ဝင်ငွေ၊ ထွက်ငွေ) ငွေစာရင်းရှင်းတမ်းကို စာရင်းစစ်(ကိုယ်စား)အဖွဲ့ဝင် ဦးလှဖုန်းကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး အတည်ပြုကြသည်။

ဆက်လက်၍ ဥပထ္ထမ္ဘကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က တင်ပြပြီး ဥပထ္ထမ္ဘကအဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍအလိုက် တင်ပြဆွေးနွေးခြင်း၊ အထွေထွေဆွေးနွေးခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကြပြီးနောက် 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပူဇော်၍ အစည်းအဝေးကို အောင်မြင်စွာ ပြီးမြောက်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၅၂)**

# နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တို့ ပူးပေါင်းပြီး အောင်ဆန်းခန်းမတွင် လူငယ်စကားဝိုင်းကို ကျင်းပခဲ့ရာ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)မှ ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ချင်းနှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက ဘက်စုံထူးချွန်သူများဖြစ်စေရန် ကြိုးစားသင်ယူကြရန် အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက Moderator အဖြစ် ဆောင်ရွက်ခဲ့ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ မခင်ခန့်ခန့်ချော(MS-Bio-T)က "Biotechnology"၊ မထက်အဥ္ဇလီ(VI–IT-2)က "AI for the curious"၊ မဇောသီရိအောင် (II-BE-NT-1)က "Introduction to nuclear technology"၊ မအေးချမ်းဝေ (IV–Mech-6)က စွမ်းအင်ထိန်းသိမ်းမှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲနိုင်မှု အလားအလာ'စသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်းနှင့် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းနှင့် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများနှင့်တက်ရောက်လာသူများက ခင်းကျင်းပြသထားသော ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စုစုအေး(ကျောက်ဆည်)**



# အခြေခံပညာအထက်တန်းကျောင်း၌ တီဘီရောဂါစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျောင်းအခြေပြုတီဘီရောဂါ စမ်းသပ်စစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီနှင့် ကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါလက္ခဏာများနှင့် တီဘီရောဂါ ဖြစ်ပွားစေတတ်သော အကြောင်းအရာများအား အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ရာ လတ်တလော ချောင်းဆိုး၊ ချွဲကြပ်နေသူများကို တီဘီရောဂါပိုးရှိ၊ မရှိ စစ်ဆေးခြင်းများ ပြုလုပ်၍ လိုအပ်သည့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေး

**ကျောက်ဆည် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်များ၊ ခြံဝင်းများ၊ ကျောင်းဝင်းအတွင်း ကွန်ကရစ်လျှောက်လမ်းများ၊ ရေသန့်စက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်တွင် ကြောင်ပန်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးလျက်ရှိသည်။



ကြောင်ပန်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အလျား ၃၈၂ ပေ၊ အနံ ၁၁၂ ပေ၊ ဧရိယာ(၀ ဒသမ ၉၁) ကျယ်ဝန်းပြီး အလျား ၅၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၆ ပေရှိ အဆောင်(၁)၊ အလျား ၂၈ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ အဆောင်(၂)၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ ကုံကော်အဆောင်၊ စုစုပေါင်း စာသင်ဆောင် သုံးဆောင်ဖြင့် ပညာသင်ကြားလျက်ရှိပြီး ၂၀၂၄-၂၀၂၅ခု ပညာသင်နှစ်တွင် KG တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၈ဦး၊ Grade-1 တွင် ၁၅ဦး၊ Grade-2 တွင် ၁၃ဦး၊ Grade-3တွင် ၂၁ ဦး၊ Grade-4 တွင် ၂၂ဦး၊ Grade- 5တွင် ၁၃ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၂ဦး ပညာသင်ကြားလျက်ရှိသည်။

အဆိုပါဆောက်လုပ်သော ကျောင်းဆောင်သစ်သည် ၁၉၇၅ ခုနှစ်၌ ဆောက်လုပ်ခဲ့သည့် အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေး နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၄၀၀ သန်းဖြင့် အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ Steel Structure ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ပေးခြင်းဖြစ် ကြောင်း သိရသည်။ **(ဝဲပုံ)(၄၈၅)**

# ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်၏ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပသည်။



အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ်ဒေါက်တာဘဟန်က အဖွင့်အမှာစကား ပြောကြားသည်။ ၄င်းအခမ်းအနားသို့ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။ ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားပြီးနောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။ အဆိုပါ ကြက်တောင်ရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် သင်္ချာ၊ ဥပဒေပညာ၊ သတ္တဗေဒ၊ ဓာတုဗေဒ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ပထဝီဝင်၊အရှေ့တိုင်းပညာ၊ ရုက္ခဗေဒ၊ မြန်မာစာ၊ ဘူမိဗေဒပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ရူပဗေဒ၊ ရုက္ခဗေဒ၊ ပထဝီဝင်၊ သင်္ချာ၊ အင်္ဂလိပ်စာ၊ မြန်မာစာ၊ ဓာတုဗေဒပြိုင်ပွဲအသင်း ၇ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၅၃)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## မျိုးဆက်သစ်တို့ စာပေကိုချစ်ဖို့

* စာပေကိုချစ်မြတ်နိုးကွဲ့
မျိုးဆက်သစ်တို့လူငယ်
စာပေသည် ရတနာတစ်ပါး
မှတ်သားထိုက်တယ် ။

* စာပေအကျိုး သည်ပိုးအတည်
နိုင်ငံ့ဂုဏ်ရည်မြှင့်တင်လျက်
မျိုးဆက်သစ်တွေလုပ်အားနဲ့
လှုပ်ရှားသွက်လက် ။

* စာပေသည် အလင်းပေးလို့
သတင်းမွှေးလှူရပ်ပြည်
ကိုယ့်ဂုဏ်ရှိန်အောက်မကျ
တောက်ပစေမည် ။

* ဗဟုသုတ တိုးပွားမယ်
ကြိုးစားကွယ် အမုန်မနေး
စာပေကို လေ့လာမပြတ်
ဖတ်မှတ်စေလေး ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

# စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**မိုင်းစံ ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဒီဇင်ဘာ ၂၃ရက် နံနက် ၁၀နာရီက စာပေချစ်မြတ်နိုးသူများနှင့် စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာထွေးက ကျောင်းသားလူငယ်များအနေဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ အသိပညာဗဟုသုတများတိုးပွားလာစေရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးတတ်စေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းများနှင့် စာအုပ်စာစောင်ပြပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက တေဇရပ်စုံအတွဲ (၃၀)၊ အမှတ်(၄)မှ မောင်ထက်မြက်၏ "အမှန်တရားနဲ့ရိုးသားခြင်း" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးပြီး Grade-5 မှ မနန်းရွက်နုက စာရေးဆရာမဥမ္မာကြူ ရေးသားထားသည့် "တို့ပတ်ဝန်းကျင် ချစ်ခင်ကြပါစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-4 မှ မနန်းရွက်နွံက ရွှေသွေးဂျာနယ် အတွဲ(၅၆)၊ အမှတ်(၁၈)မှ စာရေးသူ "ထက်ဝေအောင်"(စစ်ကိုင်း)၏ "ပြိုင်ပွဲဝင်စိတ်ဓာတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက အသိပညာဗဟုသုတများကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ဒုတိယဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ နက်တန်ယာဟု ကနက်ဆက်လွှတ်တော်၌ ပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၂၄**

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နက်တန်ယာဟု ကနက်ဆက်လွှတ်တော်၌ ယမန်နေ့က ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ညှိနှိုင်းဆွေးနွေးမှုမှ ရလဒ်ကောင်းများရရှိခဲ့ပြီး အပစ်အခတ်ရပ်စဲရန် နီးစပ်နေပြီဖြစ်သော်လည်း မိမိတို့ဘက်မှ ဓားစာခံများအားလုံး လွှတ်မြောက်လာပြီးမှသာ တိုက်ခိုက်မှုကို ရပ်တန့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု ရှင်းလင်းပြောကြားသည်။

အပစ်အခတ်ရပ်စဲရန် မည်မျှစောင့်ဆိုင်းရမည်၊ မည်သည့်အဆင့်များ ကျန်ရှိနေသေးသည် စသည်ဖြင့် ၎င်းက အသေးစိတ်မပြောနိုင်ခဲ့ကြောင်း သိရသည်။ **Mon**


## နာဆာအဖွဲ့က လွှတ်တင်ထားသော နေလေ့လာရေးယာဉ် နေနှင့်အနီးဆုံးပတ်လမ်းထဲသို့ ဝင်ရောက်လှည့်ပတ်နေ

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

နာဆာအဖွဲ့က လွှတ်တင်ထားသော နေလေ့လာရေး ပါကာအာကာသယာဉ်သည် နေနှင့်အနီးဆုံးပတ်လမ်းထဲသို့ ဝင်ရောက်လှည့်ပတ်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အပူရှိန်နှင့် ရေဒီယိုသတ္တိကြွလှိုင်းများ အပြင်းထန်ဆုံးဖြစ်သော ပတ်လမ်းထဲဝင်ရောက်ပြီးနောက် ပါကာလေ့လာရေးအာကာသယာဉ်ထံမှ ပေးပို့သော ဆက်သွယ်ချက် ဒီဇင်ဘာ ၂၈ ရက်တွင် ကမ္ဘာမြေပေါ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်သည်။

၎င်းသည် နေလုံးကို ၂၂ ပတ်မျှ ပတ်ပြီးနောက် အနီးဆုံးပတ်လမ်းထဲသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း နာဆာအဖွဲ့ ပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။



နေမျက်နှာပြင်မှ မိုင်ပေါင်း ၃ ဒသမ ၈ သန်းအကွာရှိ ပတ်လမ်းထဲတွင် လှည့်ပတ်နေသော ပါကာလေ့လာရေးအာကာသယာဉ်၏ ၄ ဒသမ ၅ လက်မထူသော ကိုယ်ထည်က အပူနှင့် ရေဒီယိုသတ္တိကြွလှိုင်းများကို ခံနိုင်ရည်ရှိလျှင် နာဆာအဖွဲ့မှ ပညာရှင်များ ရည်မှန်းထားသော နေမျက်နှာပြင်ပေါ်အထိ ဆင်းနိုင်ရန် အလားအလာရှိမည်ဖြစ်သည်။

နာဆာအဖွဲ့က ထိုအာကာသယာဉ်ကို ၂၀၁၈ ခုနှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ **Mon**

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ

## တွန်ဂါပါလီမန်မှ ပေါ်ထွက်လာသော မဲရလဒ်အရ အိုင်ဆာကေဟလူအီကေ ဝန်ကြီးချုပ် ဖြစ်လာ

**နူကွာလိုဖာ ဒီဇင်ဘာ ၂၄**

တွန်ဂါပါလီမန်မှ ဒီဇင်ဘာ ၂၃ ရက်တွင် ပေါ်ထွက်လာသော မဲရလဒ်အရ အိုင်ဆာကေဟလူအီကေ ဝန်ကြီးချုပ် ဖြစ်လာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခင်ဝန်ကြီးချုပ် ဆိုဗာလေနီ ရုတ်တရက်နုတ်ထွက်သွားသဖြင့် ပါလီမန်က လျှို့ဝှက်မဲဆန္ဒကောက်ခံကာ ၎င်းကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်ဆိုသော ဆိုဗာလေနီအနေဖြင့် အယုံအကြည်မရှိအဆို တင်သွင်းမခံရမီ ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## ဟားမတ်စ်ခေါင်းဆောင် ဟာနီယဲကို လုပ်ကြံခဲ့သည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး ထုတ်ဖော်ပြောကြား

**ဂျေရုဆလင် ဒီဇင်ဘာ ၂၄**

ဟားမတ်စ်ခေါင်းဆောင် ဟာနီယဲကို မိမိတို့လုပ်ကြံခဲ့သည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်ဇ် ယမန်နေ့က ထုတ်ဖော်အတည်ပြုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယီမင်နိုင်ငံရှိ ဟူသီသူပုန်များကို အစ္စရေးတပ်ဖွဲ့များဘက်က ဆက်လက်တိုးမြှင့်ချေမှုန်းတိုက်ခိုက်သွားမည်ဟု သတိပေးလိုက်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ဟားမတ်စ်ခေါင်းဆောင်များကို ရှင်းလင်းဖယ်ရှားခဲ့သည့်နည်းအတိုင်း ဟိုဒိုင်ဒါနှင့် ဆာနားမြို့များရှိ ဟူသီသူပုန်အုပ်စုနှင့် သက်ဆိုင်သော ပစ်မှတ်များကို ချေမှုန်းတိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဟာနီယဲ ကျဆုံးသွားပြီးနောက် ခေါင်းဆောင်ဖြစ်လာသော ယာယာဆင်ဝါကိုလည်း အစ္စရေးဘက်က လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။ **Mon**

## လူအုပ်ထဲ ကားဖြင့် ဝင်တိုက်သူကို သေဒဏ်ချမှတ်ခဲ့ရာမှ တရုတ်အစိုးရက စီရင်မှုကို ရွှေ့ဆိုင်းထားသည်ဟု ဆို

**ပေကျင်း ဒီဇင်ဘာ ၂၄**

နိုဝင်ဘာ ၁၉ ရက်က တရုတ်နိုင်ငံအလယ်ပိုင်းရှိ ချန့်တယ်မြို့တွင် ဖြစ်ပွားခဲ့သည့် လူအုပ်ထဲသို့ ကားဖြင့် ဝင်တိုက်မှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဟွမ်ဝင်ကို သေဒဏ်ကျခံစေရမည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။

တရုတ်နိုင်ငံရှိ တရားစီရင်ရေးအာဏာပိုင်များက အဆိုပါအမှုနှင့်ပတ်သက်၍ ၎င်းကို ပြစ်မှုထင်ရှားစီရင်ရာတွင် အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း သေဒဏ်စီရင်ခြင်းကို ဆိုင်းငံ့ထားရန် မကြာသေးမီက အမိန့်ကို ပြင်ဆင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်နှစ်အတွင်း အကျဉ်းထောင်ထဲ၌ ၎င်းပြစ်မှုထပ်မံကျူးလွန်ခြင်းမရှိလျှင် သေဒဏ်ကို လျှော့ပေါ့ပြီး ထောင်ဒဏ်တစ်သက်ပြောင်းလဲချမှတ်မည်ဟု ဆိုသည်။

၎င်းသည် သေဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူသူများက ယင်းရွှေ့ဆိုင်းမှုနှင့်ပတ်သက်၍ မကျေနပ်သဖြင့် အင်တာနက်လူမှုကွန်ရက်မှတစ်ဆင့် ကန့်ကွက်လျက်ရှိကြောင်း သိရသည်။ **Mon**





တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းတွင် ယမန်နေ့က အသက် ၇၀ နှင့်အထက် အလေးမပြိုင်ပွဲ ကျင်းပရာ အသက် ၉၀ နှစ်အရွယ် ပြိုင်ပွဲဝင် ချန်ချင်းမေ ၇၇ ပေါင် အလေးချိန်ရှိသော အလေးမရန် ဟန်ပြင်နေစဉ်။ **Mon**



## ဂျပန်အခြေစိုက် ဟွန်ဒါနှင့် နစ်ဆန်းကားကုမ္ပဏီနှစ်ခု မော်တော်ကားထုတ်လုပ်ရေး ပူးပေါင်းဆောင်ရွက်မည်

**တိုကျို ဒီဇင်ဘာ ၂၄**

ဂျပန်နိုင်ငံတွင် အခြေစိုက်သော ဟွန်ဒါနှင့် နစ်ဆန်းကားကုမ္ပဏီနှစ်ခု မကြာသေးမီက ပြုလုပ်ခဲ့သော ညှိနှိုင်းဆွေးနွေးမှုရလဒ်အရ မော်တော်ကားထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိတို့ကုမ္ပဏီနှစ်ခုအနေဖြင့် တိုယိုတာ၊ ဗောက်စ်ဝက်ဂွန်၊ ဂျင်နရယ်မော်တာနှင့် ဖို့ဒ် စသောကုမ္ပဏီများနည်းတူ မော်တော်ကားများ တိုးမြှင့်ထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်ထဲသို့ ထိုးဖောက်သွားမည်ဖြစ်ကြောင်း ဟွန်ဒါကုမ္ပဏီ အမှုဆောင်အရာရှိချုပ် တောရှိဟိရောမိဘဲ့က ရှင်းလင်းပြောကြားသည်။



တရုတ်နိုင်ငံမှ ထွက်ရှိလာသော ကားအမျိုးမျိုးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရန်လည်း မိမိတို့ရည်မှန်းထားကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

လျှပ်စစ်ကားများ ပူးပေါင်းထုတ်လုပ်ရန် ဟွန်ဒါနှင့် နစ်ဆန်းကုမ္ပဏီနှစ်ခုလည်း လွန်ခဲ့သောမတ်လက ညှိနှိုင်းသဘောတူညီခဲ့ကြောင်း သိရသည်။ **Mon**

STOP AIDS

# မန္တလေးတောင် မြို့တိမ်ဆိုင်းတော့ ရင်လှိုင်းခတ်လို့ လွမ်းရိပ်ဝေ

လွန်ခဲ့သော ဝါခေါင်လပြည့်နေ့ကဖြစ်၏။ အဘိုးတို့စကားဝိုင်းဖွဲ့ရာ သုဓမ္မာဇရပ်ထဲသို့ ရောက်ခဲ့၏။ အဘိုးတို့နှင့်အတူ လူရွယ်လူငယ်တို့လဲရောက်နေကြ၏။ အဘိုးတစ်ယောက်က စကားဝိုင်းကို စတင်လိုက်၏။

"ဒီနေ့တော့ ပန်းပဲမင်းကြီးဦးမှို့နာမည်ပေးခဲ့တဲ့ မန္တလေးမတိုင်ခင်က ဒီဒေသအကြောင်းကို ပြောရရင်ကောင်းမယ်ထင်တယ် ကိုကြီးချမ်းအေးရဲ့"

"ကောင်းတာပေါ့ ကိုကြီးကိုပြန်ရဲ့"

"တို့ဆရာဘုန်းကြီး ဦးဒါယိတ်က ပြောခဲ့ဖူးတယ်။ ပန်းပဲမင်းကြီးဦးမှို့ဟာ ဒီဒေသကို မန္တလေးလို့နာမည်မပေးခင်က ဒီဒေသရဲ့ နာမည်ဟာ ကျောက်စာတွေထဲမှာ ထမောင်းကားအရပ်လို့ ခေါ်ကြသတဲ့။ ဒီ 'ထမောင်းကား' အရပ်ဟာ တော်တော်ပဲ ကျယ်ဝန်းတယ်"

"ဘယ်လောက်များကျယ်သလဲ ကိုကြီးစိန်ခိုရဲ့"

"ကျယ်ပါသောကော ကိုကြီးဖိုးသိုင်းရာ မြောက်ဘက်ကို လှမ်းကြည့်လိုက်ရင် မန္တလေးတောင်နဲ့ နန္ဒာကန်၊ အရှေ့ဘက်လှမ်းကြည့်ရင် အောင်ပင်လယ်ကန်၊ တောင်ဘက်လှမ်းကြည့်ရင် မြစ်ငယ်မြစ်နဲ့ အနောက်ဘက်လှမ်းကြည့်ရင် ဧရာဝတီမြစ်တို့ဟာ 'ထမောင်းကား' အရပ်ရဲ့ အကျယ်အဝန်းပဲပေါ့"

"ထမောင်းကားဆိုတဲ့အရပ်ဟာ ဗဒုံမင်းလက်ထက်လောက်ရောက်တော့ ထီးပေါင်းကားအရပ်လို့ ပြောလာကြပြန်သတဲ့။ ဗဒုံမင်းကြီးဟာ 'အင်းအိုင် ဝိုက်လည်မြို့ကြီးတည် မြို့မည်အမရဆိုတဲ့အတိုင်း ၁၁၄၄ ခုနှစ်မှာ အင်းတွေပတ်ပတ်လည်ဝိုင်းနေတဲ့ဒေသမှာ 'အမရပူရ' လို့ခေါ်တဲ့ မြို့ကြီးတည်ခဲ့တယ်လေ ကိုကြီးကြွက်ချီးရဲ့"

"ဒီ အမရပူရရဲ့ မြောက်ဘက်အရပ်မှာရှိတဲ့ ထီးပေါင်းကားမှာ မြို့တည်ချင်တယ်လို့ ဗဒုံမင်းကြီးကပြောတော့ မှူးကြီးမတ်ကြီးတွေက ထီးပေါင်းကားအရပ်ကိုသွားကြည့်ပြီး မြို့တည်သင့်ကြောင်း လျှောက်ထားခဲ့ကြသတဲ့ ကိုကြီးပိန်ရဲ့"

"အမရပူရလို့ နာမည်ရတဲ့မြို့ဟာလည်း ထီးပေါင်းကားအရပ်ရဲ့ တောင်ဘက်ပိုင်းမှာရှိလို့ တောင်မြို့လို့တောင် ခေါ်ကြပါသေးတယ်။ ထီးပေါင်းကားရဲ့ မြောက်ဘက်ပိုင်းမှာရှိတဲ့ မန္တလေးမြို့ကိုတော့ မြောက်မြို့လို့ ရှေးတုန်းက ခေါ်ခဲ့ကြတယ်မဟုတ်လား ကိုကြီးကြောင်ရဲ့"

"ဟုတ်တယ်လေ ကိုကြီးဖိုးမှိုင်းရဲ့ ခုချိန်ထိ တောင် တောင်မြို့ တောင်မြို့လို့ခေါ်နေကြတဲ့ အသံတွေဟာ ကြားနေရဆဲပဲမဟုတ်လား ကိုကြီးတုတ်ပေါ်ရဲ့"

"အမရပူရနဲ့ မန္တလေးရဲ့ဒေသအမည်က 'ထီးပေါင်းကား' ပဲ မဟုတ်လား။ တောင်ဘက်က တစ်မြို့၊ မြောက်ဘက်ကတစ်မြို့ မြို့နှစ်မြို့ပေါ်လာမှ 'ထီးပေါင်းကား' ဆိုတာပျောက်သွားတာပဲပေါ့လေ။ အမရပူရဆိုတဲ့ နာမည်ကိုတော့ ဘယ်သူက မှည့်ခဲ့တယ်မသိဘူး။ မန္တလေးဆိုတဲ့နာမည်ကိုတော့ ပညာရှိ ပန်းပဲမင်းကြီးဦးမှို့က မှည့်ခဲ့တယ်ဆိုတာ အားလုံးအသိပဲမဟုတ်လား ကိုရင်ကြွက်ချီးရဲ့"

"မန္တလေး မဖြစ်ခင်က ဒီထီးပေါင်းကားအရပ်မှာ ဘာတွေများ အထောက်အထားရှိခဲ့သလဲ ကိုကြီးစိန်ခိုရဲ့"

"ရှိမှရှိ ကိုကြီးပိန်ရာ။ ပုဂံမင်းဆက်ထဲက အေဒီ ၁၀၄၄ ခုနှစ်က နန်းတက်တဲ့ အနော်ရထာမင်းကြီးဟာ မန္တလေးတောင်ထိပ်ပေါ်မှာ အခုထိတည်ရှိနေတဲ့ 'ဆုတောင်းပြည့်' ဆိုတဲ့ စေတီကို တည်ထားခဲ့တယ်လေ။ မန္တလေးတောင် မြွေကြီးနှစ်ကောင် ပြေးလို့ကြည့်ရအောင်ဆိုတဲ့ မြွေကြီးနှစ်ကောင်အနီးက ဘုရားစေတီပဲပေါ့။ အခုလူတွေက ဒီ 'ဆုတောင်းပြည့်' စေတီကို အနော်ရထာမင်းကြီးတည်ထားခဲ့တဲ့စေတီဆိုတာ မသိကြဘူး။ ရသေ့ကြီးဦးခန္တီတည်ထားခဲ့တဲ့ စေတီလိုလို၊ စန္ဒမုခိဘီလူးမ တည်ထားခဲ့တဲ့ စေတီလိုလိုတောင် ပြောနေကြသေးတယ် ကိုကြီးလူချင်း ရဲ့"။

"တစ်ခါတစ်ခါတော့လည်း ပြောရတာအတော်ခက်တယ် ကိုကြီးရွှေမှည့်ရဲ့။ အနော်ရထာမင်းကြီးရဲ့ မိဖုရားခေါင်ကြီး စောမွန်လှတည်ထားခဲ့တဲ့ ရွှေစာရံဘုရားဆိုတာ လူအများသိကြတယ် မဟုတ်လား။ အဲ့ဒီရွှေစာရံဘုရားရဲ့ ဘုရားအမကြီး မိဖုရားကြီး စောမွန်လှကိုတောင် သိုက်နန်းရှင်ကြီးလိုလို၊ သိုက်စောင့်ကြီးလိုလို၊ နတ်မကြီးလိုလို ပြောဆိုနေကြတာတွေဟာ နားကလောစရာတွေပဲပေါ့ ကိုကြီးရွှေရရာ"

"ဟောဒီထီးပေါင်းကား တောင်တော်ကြီးရဲ့ အနောက်တောင်ဘက်မှာတည်ရှိတဲ့ အရိပ်မထွက်စေတီ၊ ဖောင်းတော်ကျစေတီနဲ့ ဘုရားနီစေတီတို့ဟာလည်း ထီးပေါင်းကားခေတ်က ပေါ်ခဲ့တဲ့စေတီတွေပဲ။ အဲ့ဒီစေတီတွေကို ပုဂံမင်းဆက်ထဲက ရွှေစည်းခုံစေတီကြီးတည်ခဲ့တဲ့ အနော်ရထာမင်းရဲ့သား ကျန်စစ်သားမင်းသားကြီးတည်ခဲ့တဲ့ ဘုရားတွေပဲပေါ့"

"နောက်စေတီတစ်ခုရှိသေးတယ် ကိုကြီးကြောင်ရဲ့။ အခုအထိ ထင်ရှားကျော်ဇောလှတဲ့ ရွှေကျီးမြင်ဘုရားလေ။ ဒီဘုရားကိုတည်ခဲ့တဲ့သူဟာ အလောင်းစည်သူမင်းကြီးရဲ့သားတော် မင်းရှင်စောဖြစ်တယ်ဆိုတာကိုလည်း သိထားကြဖို့လိုပါလိမ့်မယ် ကိုစိန်ညိုရဲ့"။

"ပန်းပဲမင်းကြီးဦးမှို့က 'အင်ကြင်းကြာအုံ ရတနာပုံ'၊ 'အောင်ကျော်ချမ်းအေး မန္တလေး'၊ 'အုတ်ကြစ်ကျော်အေး မန္တလေး' ဆိုပြီး ၁၂၂၀ ခုနှစ်မှာ ထီးပေါင်းကားနာမည်ကိုပယ်ဖျက်ပြီး 'မန္တလေး' လို့ နာမည်ပေးလိုက်တယ်။ အဲ့ဒီအချိန်ကစပြီး ထီးပေါင်းကားတောင်ကြီးဟာလည်း မန္တလေးတောင်လို့ အမည်ရခဲ့တယ်။ ထီးပေါင်းကားဒေသနေ ပြည်သူ၊ ပြည်သားတွေလည်း မန္တလေးသူ၊ မန္တလေးသားတွေ ဖြစ်ကုန်ကြတော့တာပေါ့။ ဘဝရှင်မင်းတုန်းမင်းတရားကြီးလက်ထက်ကစပြီး 'မန္တလေး' ဆိုတဲ့နာမည်၊ ရတနာပုံဆိုတဲ့နာမည်၊ နေပြည်တော်ဆိုတဲ့နာမည်သုံးလုံးဟာ ထင်ပေါ်ကျော်ဇောလာခဲ့တာမဟုတ်လား ကိုကြီးကြက်ရဲ့"

"ဟုတ်ပါ့ ကိုကြီးလိပ်ရာ။ မှန်ကန်တဲ့ နာမည်တစ်လုံးဖြစ်ဖို့ဆိုတာ မလွယ်ဘူးနော်။ မန္တလေးဆိုတဲ့နာမည်ဟာ ပန်းပဲမင်းကြီးဦးမှို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေထဲက ထွက်ပေါ်လာတဲ့ ကမ္ဘာတည်မယ့် နာမည်ဆိုတာ ဇောက်အမှန်ကို မှတ်ကြရမှာဘဲ"

"အခုတော့ အသက်ကလေးရယ်တဲ့ရှည်စေလို မန်းတောင်ရိပ်ကိုခိုလို့တောင် အတိတ်တဘောင်စောင်နေကြပြီမဟုတ်လား ကိုကြီးချမ်းအေးရဲ့"

"ဟုတ်ပါ့ ကိုကြီးဘကျော်ရာ။ 'မန်းတောင်ရိပ်ကိုခို' ဆိုတာ မန်းတောင်တော်ရဲ့အရိပ်အောက်မှာ ထိုင်နေဖို့၊ ရပ်နေဖို့၊ အိပ်နေဖို့၊ လမ်းလျှောက်နေဖို့ ပြောတာမဟုတ်ဘူး။ ဒီ 'မန္တလေး' တောင်တော်ကြီးရဲ့ တောင်ဦး၊ တောင်ထိပ်မှာ 'ဆုတောင်းပြည့်ဘုရား'၊ 'ဆုတောင်းပြည့်စေတီ' ရှိတယ်။ ဘုရားစကားကို နားထောင်ပြီး ဘုရားအရိပ်အောက်မှာ နေကြမယ်ဆိုရင် အသက်တွေရှည်ကြမယ်၊ ဘေးရန်တွေကင်းကြမယ်၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွေဖြစ်ကြမယ်လို့ ပြောတာပဲ ကိုကြီးရွှေရရဲ့"

"အင်း…ပုထုစဉ်လူသားတွေဆိုတော့လည်း မန္တလေးတောင်တော်ကြီးကို မြူတွေ၊ တိမ်တွေဆိုင်းလိုက်တာနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို စဉ်းစားမိကြတာ ဓမ္မတာပဲပေါ့ ကိုကြီးအောင်စိန်ရာ။ ပညာရှိပန်းပဲမင်းကြီးဦးမှို့ တည်ဆောက်ခဲ့တဲ့ မန္တလေးနန်းတော်ကြီးဟာလည်း မြန်မာသက္ကရာဇ် ၁၃၀၆ခု၊ တန်ခူးလဆန်း ၅ရက် (၁၇-၃-၄၅)ရက်က အင်္ဂလိပ်တွေရဲ့ ဗုံးလက်နက်တွေကြောင့် ရွှေမှန်ကင်းအစစ်က မြေပြန်ထင်းဖြစ်ခဲ့ရတယ်လေ။ အခုတွေ့မြင်နေရတဲ့ နန်းတော်ကြီးကတော့ သည်ခေတ်မှာမှ ဆောက်လုပ်ထားတဲ့ ခေတ်ပေါ်နန်းတော်ပဲပေါ့။ မင်္ဂလာရှိတဲ့နန်းတော်အတွင်းမှာ မင်္ဂလာမဲ့တဲ့ တောင်ကြီးတွေတည်ဆောက်ထားဟာလည်း မြန်မာ့ဦးကင်ကို မြေချနင်းကြတာပဲမဟုတ်လား ကိုကြီးအောင်စိန်ရဲ့"

"တစ်ခုတော့ ပြောချင်သေးတယ် ကိုကြီးကြောင်ဘားရယ်"

"ပြောပါလေ…ကိုကြီးပိန်ရဲ့"

"ဆရာဘုန်းကြီး ဦးဒါယိတ်ရွတ်ပြသွားတဲ့ စကားလေးပါ ကိုကြီးရာ' 'တက်ကပ်မှာ ပညာ၊ ဆုတ်ကပ်မှာနေ၊ ပညာရှိ ဗာလခေါ် မိုက်ကြတဲ့ခေတ်' နော် ဆိုတဲ့စကားကို နားမရှင်းဘူးဗျာ ကိုကြီးစိန်ချုပ်ရဲ့"

"နားမရှင်းလည်း ထားတော့ဗျာ။ တောင်စွယ်နေကွယ်တော့မယ်လေ ကိုကြီးတို့ရဲ့"

အဘိုးတို့၏ စကားဝိုင်းသည် ရပ်သွားတော့၏။ နေမင်းကလည်း တောင်စွယ်မှာကွယ်တော့မည်တည်း။

**မောင်လောက**

## ဒက္ခိဏခရိုင်၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွင်းရှိ မြို့နယ်ရုံးများမှဝန်ထမ်းများအား တစ်ဦးချင်းအရည်အသွေးများတိုးတက်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရေးအတွက် ရည်ရွယ်၍ ရုံးစာရေးသားနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်သင်းသင်းဇင်က ဝန်ထမ်းများအနေဖြင့် မိမိဌာနလုပ်ငန်းများကို အမှန်တကယ်ကျွမ်းကျင်တတ်မြောက်ရေးအတွက် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်နှင့် ဝန်ထမ်းများအားလုံးစဉ်ဆက်မပြတ်လေ့လာ သင်ယူမှုများဆောင်ရွက်ရန် အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများဖြစ်သည့် ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်တို့က ပြည်ထောင်စုရာထူးဝင်အဖွဲ့က ထုတ်ဝေသည့် ရုံးလုပ်ငန်းလက်စွဲစာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းသို့ ဒက္ခိဏခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရုံးများ



မှသင်တန်းသူ၊ သင်တန်းသားစုစုပေါင်း (၁၀) ဦးတက်ရောက်ကြ ပြီး သင်တန်းတွင်ရုံးလုပ်ငန်း သဘောတရား၊ ဝင်စာများကို အရေးယူဆောင်ရွက်ခြင်း၊ ထွက်စာများကို အရေးယူဆောင်ရွက်ခြင်း၊ စာရွက်စာတမ်းများလုံခြုံစွာကိုင်တွယ်ထိန်းသိမ်းခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်း၊ ရုံးစာရေးသားနည်း၊ စာပေးစာယူ၊ အစည်းအဝေးကျင်းပခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ စာတွဲခြင်းနှင့် စာတွဲထိန်းသိမ်းခြင်းစသည့် အကြောင်းအရာများကို စာတွေ့လက်တွေ့သင်ကြားပို့ချဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ)**

**အောင်သူရဦး(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ



နေပြည်တော် ဒီဇင်ဘာ ၂၄

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၂ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ် တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၆၄ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာချီလိတ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် ရန်ကင်းဆီဆိုင်အနီး၌ ရပ်တန့်ထားသောယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၀မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Mitsubishi Canter Truck တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီထံမှ သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ် ၄၀ ကျော် ဆုံးရှုံးကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




ရန်ကုန် ဒီဇင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသရှိ ကျေးရွာငါးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ် ၄၀ ကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းဖြစ်စဉ်မှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါ မြို့နယ်အတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် တရားမဝင်ပြည်ဖျက် မီဒီယာများက ယခုကဲ့သို့ သတင်းအမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်း အခမ်းအနားကျင်းပ

မိုင်းကိုင် ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ မီးသတ်ဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၄)ရပ်ကွက်ရှိ သမိုင်းဝင်စော်ဘွားကန်ဘောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လင်းအောင်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းဆွေးနွေးပြီးနောက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကပူးပေါင်းကာ မြစ်ချောင်းကမ်းပါးအနီးရောက်ရှိနေစဉ် ငလျင်ဘေးအန္တရာယ်ကြုံတွေ့လာက ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ၊ ဘေးလွတ်ရာသို့ ထွက်ရမည့်အစီအစဉ်များ၊ ကူညီကယ်ဆယ်နည်းလမ်းများကို အဆင့်ဆင့်သရုပ်ပြခြင်း၊ ရှာဖွေကယ်ဆယ်ရာတွင် တွေ့ရှိရသည့် လူနာများအား ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးပြုစုပြီး ဒဏ်ရာအပေါ်မူတည်၍ နီးစပ်ရာဆေးရုံဆေးခန်းသို့ ပို့ဆောင်ခြင်း၊ ရေဘေး ကျရောက်နေသူများအား အသက်ကယ်ဘောကွင်းများဖြင့် ကယ်ထုတ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြကြရာ အမှတ်(၄)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းစွမ်မိုင်းက ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်လုပ်သားပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် နှစ်ဘီလီယံခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် နှစ်ဘီလီယံခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား၊ ကက်တမင်း၊ အက်တက်စီနှင့် Happy Water များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် ညနေ ၅ နာရီတွင် သတင်းအရ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ၆၂ လမ်းပေါ်တွင် သိန်းဇော်ဦး မောင်းနှင်ပြီး ရန်နိုင်စိုး လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀ သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ညနေပိုင်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ အောင်အောင်နှင့် ဗဟိန်းတို့ကို ပြည်ကြီးတံခွန်မြို့နယ်တွင်လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၁၈ ရက်တွင် မစန်းစန်းမြကို အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာရှိ နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၈၄၀၀၀ နှင့်လည်းကောင်း စစ်ဆေးဖော်ထုတ်ချက်များအရ ဒီဇင်ဘာ ၁၉ ရက်တွင် မျိုးထွန်းအောင်(ခ) စိုင်းခနအောင်(ခ)ကျောင်းဆရာကို ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ ဟိုတယ်တွင် စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၅ ကီလို၊ အက်တက်စီဆေးပြား ၈၆၄၀၊ အက်တက်စီအမှုန့် သုည ဒသမ ၂ ကီလိုနှင့် Toyota Crown ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၌ ထိုက်စိုးကျော်ကို စိတ်ပြောင်းဆေးဝါး ကက်တမင်း ၁ ဒသမ ၉ ကီလို၊ အက်တက်စီ ၉၆၀၀၊ Happy 5 ဆေးပြား ၉၀၀၀၊ Happy Water ၁ ဒသမ ၂၁၅ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် မန္တလေးမြို့ပေါ်ရှိ KTV၊ ဘား၊ ကလပ်နှင့် စားသောက်ဆိုင်များတွင် လူငယ်များအားရောင်းချမည့် စုစုပေါင်း ငွေကျပ် နှစ်ဘီလီယံခန့်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၁၈၄ သိန်း၊ ကက်တမင်း ၁ ဒသမ ၉ ကီလို၊ Happy Water ၆ ဒသမ ၇၁၅ ကီလို၊ အက်တက်စီဆေးပြား ၁၈၂၄၀၊ အက်တက်စီအမှုန့် သုည ဒသမ ၂ ကီလို၊ Happy-5 ဆေးပြား ၉၀၀၀တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီးကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**မိတ္ထီလာ ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက အောင်မင်္ဂလာခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါးနှင့် သာသနာ့အနွယ်ဝင် သီလရှင်ဆရာကြီးနှစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပူဇော်ပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ၊ နိကာယ်ရပ်စာမေးပွဲနှင့် ပါဠိပထမစာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသော စာအောင်သံဃာတော် ၃၀၃ ပါးတို့အား စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မိတ္ထီလာမြို့ ပါဠိတက္ကသိုလ်ဉယျာဉ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာ ပဏ္ဍိတဘဒ္ဒန္တသူရိယ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။ ၎င်းနောက် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ပြီး ဘွဲ့တံဆိပ်တော်ရသံဃာတော်လေးပါးနှင့် သာသနာ့အနွယ်ဝင် သီလရှင်ဆရာကြီးနှစ်ပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားလျှောက်ထားခဲ့သည်။ ထို့နောက် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဘွဲ့တံဆိပ်တော်အဆောင်အယောင်များနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မိတ္ထီလာမြို့ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒစရိယ၊ သိမ်တောင်နိကာယာဓိပတိ၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ သက်တော်ရှည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တလာဘာဝတထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြသည်။

ဆက်လက်၍ မြတ်စွာဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော် ၆၅ ပါးတို့အား မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်များရှိ အလှူရှင်များ စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၉)



# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘိလိယက်၊ စနူကာပြိုင်ပွဲ ကျင်းပ

**ပင်းတယ ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ဈေးတန်းရပ်ကွက်ရှိ CHAMPION ဘိလက်ယက်ခုံ အားကစားခန်း၌ ၂၀၂၅ ခု ဇန်နဝါရီ ၄ ရက်တွင် ရောက်ရှိလာမည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆိုခြင်း အထိမ်းအမှတ် ဘိလိယက်၊ စနူကာအမျိုးသားအားကစားပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းမှ စတင်၍ ကျင်းပလျက်ရှိသည်။

ဒီဇင်ဘာ ၂၁ ရက်က စတင်ကျင်းပသည့် အငယ်တန်းအဆင့် ဘိလိယက်၊ စနူကာပြိုင်ပွဲကြီးသို့ ပင်းတယမြို့ပေါ်ရပ်ကွက်နှင့် နီးစပ်ရာကျေးရွာများမှ ပြိုင်ပွဲဝင် ဘိလိယက်၊ စနူကာဝါသနာရှင် အားကစား စုစုပေါင်း ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းများအရ ပထမအဆင့်ပွဲစဉ်များအဖြစ် ၁၆ ပွဲအား ဘိလိယက်၊ စနူကာပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင်များက ကြီးကြပ်အမှတ်ပေးခြင်းကို စနစ်တကျဆောင်ရွက်ပေးခဲ့ရာ အနိုင်ရရှိခဲ့သည့် ပြိုင်ပွဲဝင်ကစားသမား ရှစ်ဦးတို့က ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဘိလိယက်၊ စနူကာ အားကစားပြိုင်ပွဲများအဖြစ် ယခုစတင်ကျင်းပသည့် အငယ်တန်းအဆင့်ပြိုင်ပွဲနှင့်အတူ အကြီးတန်းအဆင့်ပြိုင်ပွဲများကိုလည်း ထပ်မံကျင်းပပေးမည်ဖြစ်ကြောင်းနှင့် နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများကို ၂၀၂၅ ခု ဇန်နဝါရီ ၄ ရက် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၃၃၈)

# စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးလိုက်လံစစ်ဆေး

**နတ်မောက် ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် နတ်မောက်မြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိမှု ရှိ၊ မရှိ ယမန်နေ့ နံနက်ပိုင်းက နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ လိုက်လံစစ်ဆေးခဲ့သည်။



ထိုသို့လိုက်လံစစ်ဆေးခဲ့ရာတွင် ဒုတိယမီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ပွင့်လင်းရာသီကာလအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ အဆင်သင့်ပြင်ဆင်ထားရှိရေး၊ မီးသတ်ဆေးဘူး အသုံးပြုမှု၊ မီးသတ်ရေကန်များ ရေအပြည့်ထားရှိစေရေး၊ စက်သုံးဆီသိုလှောင်ကန်များ မီးဘေးအန္တရာယ်မဖြစ်ပွားအောင် တည်ဆောက်ထားရှိမှု၊ ဆီအမျိုးအစားပမာဏနှင့် မီးဘေးလုံခြုံရေးပစ္စည်းများ အဆင်သင့်ထားရှိမှု ရှိ၊ မရှိတို့ကို နတ်မောက်မြို့ရှိ ဟိန်းစက်သုံးဆီအရောင်းဆိုင်၊ ဇော်ကြီးစက်သုံးဆီအရောင်းဆိုင်နှင့် အောင်ကောင်းမြေစက်သုံးဆီအရောင်းဆိုင်များအား လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) လှဝင်း

# ဒီဇင်ဘာလလူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ




**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ဒီဇင်ဘာလလူထု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၅ နာရီက ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

အဆိုပါ လူထုလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ တာထွက်၍ မြို့တစ်ပတ်လျှောက်ပြီး မြို့နယ်ပြည်သူ့ပန်းခြံအတွင်း ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း စံပြနေကြာစိုက်ခင်း စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေအား ကွင်းဆင်းကြည့်ရှု

**ကျောက်ဆည် ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဒေသအတွင်း စားသုံးဆီဖူလုံပိုလျှံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ဒွေးလှကျေးရွာရှိ ဆောင်းဆီထွက်သီးနှံဖြစ်သည့် ရေဆင်းစပ်မျိုး(၁)၊ စံပြနေကြာစိုက်ခင်းသို့ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ စံပြစိုက်ကွင်းသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက သမဝါယမအသင်းလီမိတက် အသင်းသား ဦးနေဝင်း၏ ကွင်းအမှတ်(၃၃၇)၊ ဦးပိုင်အမှတ်(၁၄၅)တွင် စိုက်ပျိုးထားသော ဆောင်းဆီထွက်သီးနှံဖြစ်သည့် ရေဆင်းစပ်မျိုး(၁)နေကြာ စံပြစိုက်ဧက(၂)ဧကနှင့် မြို့နယ်သမဝါမယအသင်းစုလီမိတက်မှ စိုက်ပျိုးသည့် ရေဆင်းစပ်မျိုး(၁)နေကြာ စံပြစိုက်ဧက (၄)ဧကတို့အား ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး ဆီထွက်သီးနှံစိုက်တောင်သူများက စိုက်ခင်းတွင်စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။



ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ လူမှုစီးပွားအဆင်ပြေစေရေး ရေဆင်းစပ်မျိုး (၁) မျိုးများကို မြို့နယ်အတွင်းရှိ ကျေးရွာ ၃၉ ရွာတွင် နေကြာစိုက်ဧက ၅၀၂၆ ဧက စိုက်ပျိုးထားကြောင်းနှင့် စိုက်ပျိုးရာတွင် စားသုံးဆီဖူလုံရေးအတွက် ဆီပိုမိုထွက်ရှိသော အထွက်တိုးမျိုးဖြစ်သည့် ရေဆင်းစပ်မျိုး(၁) နေကြာမျိုးများအား ဧက(၁၀၀၀)အတွက် မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး နေကြာစိုက်ခင်းများတွင် အသုံးပြုနိုင်ရန် ရှုရှားသဘာဝရွက်ဖျန်းမြေဩဇာများကိုလည်း ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) စုစုအေး

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၇)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ချစ်(ဘ)ဦးအောင်ဘ (၉/မနတ(နိုင်)၀၆၆၄၄၂) အမည်ဖြင့် ချထားပေးသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီးအပါအဝင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးထွန်းထွန်းဝင်း(ဘ)ဦးကျော်အေး (၉/မရမ(နိုင်)၀၈၉၄၄၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်သန်းဦး (LL.B) ဦးဖြိုးဇော်ဦး(LL.B) ဦးသူရကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**ဖုန်း ၀၉-၇၉၇၇၇၇၂၁၄၊ ၀၉-၄၄၄၀၃၅၆၆၈၊ ၀၉-၄၀၂၇၈၁၉၀၁**

## ဒေါ်ခင်သန်းဝင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၃)၊ ဦးပိုင်အမှတ် (၁၇-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅၅)ဧကအကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ခင်သန်းဝင်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အဆိုပါ အမည်ပေါက်သူ ဒေါ်ခင်သန်းဝင်း(ဘ)ဦးစိန်ဝင်း(၉/ခမစ(နိုင်)၀၂၁၆၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းဝင်းမြင့်(ဘ)ဦးလှ(၉/မရမ(နိုင်)၀၄၆၈၄၀)၊ ဒေါ်ကေခိုင်မိုး(ဘ)ဦးလှ(၉/မရမ(နိုင်)၀၄၄၂၁၄)တို့က အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထား ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင်ဝယ်ယူသူများက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အားချုပ်ဆိုလိုပါက လိုက်လံချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်သန်းဝင်းနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းစာစာမွန်(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၅၅၇၂၀/ ၂၉-၈-၂၀၂၃)**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (၉၀၆-ဃ/၄၁၀)၊ ဦးပိုင်အမှတ်(၄၀-ခဲစင်း)၊ ရန်-မန်းလမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်နု(၉/မရတ(နိုင်)၀၇၉၅၈၆)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**အသက်**
**သည်**
**သွေး၊**
**သွေး**
**သည်**
**အသက်။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်နံပါတ်(၇၄-ယ/၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၅၃)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်စိန်မြင့်(ဘ)ဦးကိုကြီး(၉/မနမ(နိုင်)၀၈၀၃၉၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M) ဦးဝေဖြိုးသူ (LL.B) ဦးဖြိုးသာစန့် (LL.B) ဒေါ်ကောင်းစုဝမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂)၊ ဦးပိုင်နံပါတ်(၁၀၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးမောင်စိုး အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ခိုင်မင်း(ဘ)ဦးထွန်း(၉/မနတ(နိုင်)၀၁၄၇၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၅)၊ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၁၂)ဧက အကျယ်အဝန်းရှိ ဦးကျောက်ပီးအမည်ပေါက် ဘိုးဘပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံ၊ ရေ+မီးဆက်လက်သုံးစွဲပိုင်ခွင့်အပါအဝင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းများအားလုံးတို့ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရတရားဝင်အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်မှတ်တင်(ဘ)ဦးဘိုးချို(၉/မရတ(နိုင်)၀၂၀၁၆၆)က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချလိုပါကြောင်းကို ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်အမှုသည်က ဝယ်ယူရန်သဘောတူညီခဲ့သည့်အလျောက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမွန်တင်သိန်း(မဟာဥပဒေဘွဲ့) ဒေါ်အိမ့်လှဲ့မေ(ဥပဒေဘွဲ့) ဦးအောင်ပိုင်ဦး(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**အမှတ်(၁၅၄)၊ (၇၆)လမ်း၊ ၈လမ်းနှင့် ၉လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၅၉၉၂**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၃)၊ ဦးပိုင်အမှတ်(၃၆)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လင်ဆွယ်(ခ)ခင်ပြည့်စုံ(၁၃/ကလတ(နိုင်)၀၃၉၂၇၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၂)၊ ဦးပိုင်အမှတ်(၁၄၅)၊ သာယာဝတီလမ်းနှင့် ပျူစောထီးလမ်းကြား၊ ၆၁လမ်းနှင့် ၆၂လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မိုးမိုးမြင့်(၉/မရတ(နိုင်)၀၄၄၄၃၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၁၅၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ပူစပါး(ခ)ရီကီး(၁/မကန(ဧည့်)၀၀၁၇၆၅)က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၇၅)၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးခင်မောင်(၉/မနတ(နိုင်)၀၇၇၄၂၄)(၄င်း၏ GP ရရှိသူ ဦးသိန်းဌေးနိုင်)က တောမှုမြို့ပြောင်း၊ သက်တမ်းတိုး၊ ဂရန်ပျောက် လျှောက်ထားဆဲဖြစ်ရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ပျောက်ဆုံးသွားသော ဦးခင်မောင် အမည်ပေါက် တောဂရန်အမှုတွဲအမှတ်(၆၂၀၃/၉၂-၉၃)အား ဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၆)၊ ဦးပိုင်အမှတ်(၇၃)၊ ၁၀၉လမ်းနှင့် ၁၁၀လမ်းကြား၊ ၆၂လမ်းနှင့် ၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ဌေး(၁၃/တကန(နိုင်)၀၀၉၂၁၅)၊ ဒေါ်စုစုလွင်(၁၃/တကန(နိုင်)၂၀၇၃၁၆)တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၆၂၂/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဖောင်ကွန်ချိန်(ခ)ဖောင်ကျင်ထွန်း(၉/မရမ(နိုင်)၀၈၀၇၉၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၈၇)၊ ဦးပိုင်အမှတ်(၄-ခ/၂၁)၊ (၄-ခ/၂၂)၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးစိုင်းခင်အောင်(၉/မနမ(နိုင်)၀၈၇၈၄၃) က ဘိုးဘအမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၂)၊ ဦးပိုင်အမှတ်(၁၃၇)၊ သာယာဝတီလမ်းနှင့် ပျူစောထီးလမ်းကြား၊ ၆၁လမ်းနှင့် ၆၂လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်(WMDY-၃၁၇၉၇၅)(၉/မရတ(နိုင်)၀၄၄၆၂၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၅၃/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ပူစပါး(ခ)ရီကီး(၁/မကန(ဧည့်)၀၀၁၇၆၅)က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၇)၊ ဦးပိုင်အမှတ်(၈၉)၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်းနီ(ခ)LI KYU (၁၃/နခန(ပြု)၀၀၀၀၇၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၄၁၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ရှီးမဘာဏ်လီမိတက်၊ ကျွဲဆည်ကန်ဘဏ်ခွဲ၊ ဒေါ်သိန်းသိန်းတိုး(အကြီးတန်းမန်နေဂျာ)(၉/မနမ(နိုင်)၀၉၄၇၁၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ ...

❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ရက်နေ့တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ





နေပြည်တော် ဒီဇင်ဘာ ၂၄

(၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး၊ ရေတပ်စခန်း ဌာနချုပ်မှူးများ၊ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းများ ဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၇၇)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထို့အပြင် (၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား သန်လျင်တပ်နယ် မဟာနာဝါနီကဇယမင်္ဂလာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ သန်လျင်မြို့နယ် သံဃနာယကဩဝါဒါစရိယ သုဓမ္မာဝိနည်းမိုရ်ပဝါရဏာဂိုဏ်း ဦးစီးဥက္ကဋ္ဌ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့် ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဘဒ္ဒန္တတေဇထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရား နာယူကြသည်။ ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

## ASEAN Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

၂၀၂၄ ASEAN Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပထမအကျော့ကို ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် ဒီဇင်ဘာ ၂၆ ရက်တွင် စင်ကာပူနိုင်ငံ ဂျလန်ဘာဆာကွင်း၌ စင်ကာပူအသင်းနှင့် ဗီယက်နမ်အသင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရီဇယ်မန်မိုရီကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(A)၌ ထိုင်းအသင်းက ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ စင်ကာပူအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(B)၌ ဗီယက်နမ်အသင်းက ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်လာခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ရောက် လေးသင်းတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းက ရာနှုန်းပြည့်နိုင်ပွဲဖြင့် တက်ရောက်လာခြင်းဖြစ်ပြီး ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်းတို့မှာမူ ရှုံးပွဲမရှိဘဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းမှာမူ ၂၀၂၀ ပြိုင်ပွဲနောက်ပိုင်း တစ်ကျော့ပြန် ဆီမီးဖိုင်နယ်တက်ရောက်လာခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် အတွဲအဖက်ဖြစ်သည့် ဖိလစ်ပိုင်နှင့် ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်အသင်းတို့မှာ ပြိုင်ပွဲတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်တွင် ဒုတိယအကြိမ်တွေ့ဆုံခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊
ဓာတ်ပုံ-FAT

